မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၇ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၁၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်မြို့ X_2O ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် ကိုယ်တိုင်ကျူးလွန်သူများမှာ စွမ်းအားမြင့် မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ အဖွဲ့ဝင်အကြမ်းဖက်ဝါဒီ လူသတ်သမားများဖြစ်

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ပြည်သူတွေ တုန်လှုပ်ချောက်ချားအောင်နဲ့ ၂၀၁၀ ရွေးကောက်ပွဲကြီး ပျက်ပြားသွားအောင် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်

နေပြည်တော် မေ ၆

X_2O ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် ကိုယ်တိုင်ကျူးလွန်ခဲ့သူများအနက် တစ်ဦးကို ဖမ်းဆီးရမိပြီး နောက်ကွယ်မှ အထောက်အကူပြု ကြိုးကိုင်နေသူများအား ဖော်ထုတ်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ဒီကနေ့ ရှင်းလင်းပွဲကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများနှင့် ပြည်သူလူထုတစ်ရပ်လုံးက စိတ်အဝင်စားဆုံးဖြစ်နေမယ်လို့ ယူဆရတဲ့ ၂၀၁၀ခုနှစ် ဧပြီလ ၁၅ရက် (မဟာသင်္ကြန်)အကြတ်နေ့မှာ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးအောင်မြတ်လမ်းနဲ့ ကန်တော်ကြီး ကန်ပတ်လမ်းထောင့်ရှိ တန်ခူးလေလို့အမည်ရတဲ့ X_2O ရေကစားမဏ္ဍပ်ရှေ့မှာ လက်ပစ်ဗုံး (၃)လုံးနဲ့ ပစ်ခတ်ဖောက်ခွဲခဲ့တဲ့အတွက် ပျော်ရွှင်စွာ ရေကစားနေကြတဲ့ အပြစ်မဲ့ပြည်သူ (၁၀)ဦးသေဆုံးပြီး (၁၆၈)ဦး ဒဏ်ရာရရှိခဲ့တဲ့ဖြစ်စဉ်အပေါ် ဖော်ထုတ်ရရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ဟာ လွန်စွာဆိုးရွားရိုင်းစိုင်းလှတဲ့ အကြမ်းဖက်ဖောက်ခွဲရေးသမားများရဲ့ လက်ချက်ဖြစ်ပြီး သူတို့ကြောင့် အပြစ်မဲ့ ကျောင်းသားကျောင်းသူလေးတွေ၊ စေတနာ့ဝန်ထမ်းပြည်သူတွေ၊ မိသားစုတွေကို ရိုးသားစွာ အလုပ်အကျွေးပြုနေကြသူတွေများစွာဟာ သားကောင်အဖြစ် အသက်ဆုံးရှုံး ထိခိုက်ဒဏ်ရာရရှိခဲ့ရတာဖြစ်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ X_2O ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် ကိုယ်တိုင် ကျူးလွန်ခဲ့သူများအနက် တစ်ဦးကို ဖမ်းဆီးရမိပြီး နောက်ကွယ်မှ အထောက်အကူပြု ကြိုးကိုင်နေသူများအား ဖော်ထုတ်နိုင်ခဲ့မှုနှင့် စပ်လျဉ်း၍ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

X_2O ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် ကိုယ်တိုင်ကျူးလွန်ခဲ့သူများအနက် တစ်ဦးကို ဖမ်းဆီးရမိပြီး နောက်ကွယ်မှ အထောက်အကူပြု ကြိုးကိုင်နေသူများအား ဖော်ထုတ်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် မေ ၆

X_2O ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် ကိုယ်တိုင်ကျူးလွန်ခဲ့သူများအနက် တစ်ဦးကို ဖမ်းဆီးရမိပြီး နောက်ကွယ်မှ အထောက်အကူပြု ကြိုးကိုင်နေသူများအား ဖော်ထုတ်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်ရုံး အရိန္ဒမာခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❐

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၇ ရက်)

ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး တိုင်းရင်းသားပြည်သူများလက်တွဲပါဝင် ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များ ဝိုင်းဝန်းတားဆီးဖယ်ရှား

မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် တင့်တယ်စွာ ရပ်တည်နိုင်ရေးအတွက် တစ်မျိုးသားလုံး၏ စုစည်းမှုအားမာန်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများအားလုံး၏ စည်းလုံးညီညွတ်သော စွမ်းပကားကြောင့် နိုင်ငံတော်တွင် မှန်ကန်သော အမျိုးသားရေးမူဝါဒများနှင့် အမျိုးသားရေးဦးတည်ချက်များ အကောင်အထည်ပေါ်ဖြစ်ထွန်းလျက် ပြည်ထောင်စုကြီးတစ်ဝန်း တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရန် အမျိုးသားရေးရည်မှန်းချက်ချမှတ်ပြီး ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုတိုးတက်ရန် ကားလမ်း၊ ရထားလမ်း၊ ရေကြောင်း၊ လေကြောင်းနှင့် တယ်လီဖုန်းဆက်သွယ်မှုကွန်ရက်များ ဖြည့်ဆည်းတည်ဆောက်ပေးခဲ့သည်။ တစ်ချိန်တည်း၌ပင် ပညာရေး၊ ကျန်းမာရေးအပါအဝင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ကြဉ်းပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် ယင်းကဲ့သို့ အခြေခံကောင်းများကို ဖြည့်ဆည်းပေးလျက်ရှိပြီး တစ်ဖက်၌လည်း နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံထူထောင်နိုင်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

ဒို့တာဝန်အရေးသုံးပါးကို ခံယူကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ဖော်ဆောင်မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားပြည်သူတို့၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများကို ယခု ၂၀၁၀ခုနှစ်အတွင်း ကျင်းပတော့မည်ဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရွေးကောက်ပွဲများအတွက် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းပေးခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့သော အချိန်အခါတွင် ရွေးကောက်ပွဲကြီး ပျက်ပြားစေရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုကို အဟန့်အတားဖြစ်စေရန် ပြည်တွင်းပြည်ပ အဖျက်သမားများက လုပ်ဆောင်လာကြသည်ကို သတိပြုကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများက အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို ဝိုင်းဝန်းတားဆီးဖော်ထုတ်ဖယ်ရှား၍ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လက်တွဲပါဝင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၆

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(နေပြည်တော်)၌ကျင်းပရာ စာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းကာလ

အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသား သင်တန်းသူ ၁၁၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စုစုပေါင်း နှစ်လခန့် ကြာမြင့်မည်ဖြစ်သည်။

ဆက်လက်ဖွင့်လှစ်မည်

အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ၊ ဒီပလိုမာစာရင်းကိုင်သင်တန်းများကိုလည်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(နေပြည်တော်)၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုလက်မှတ်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ရိုက်ကူးသော "သံမဏိပိုးဖလံ" ဗီဒီယိုဇာတ်ကားတွင် ပါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်များနှင့် သတင်း၊ ဆောင်းပါးရေးသားသည့် ပညာရှင်များအား ဂုဏ်ပြုလက်မှတ်နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)သီတာခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေက အမှာစကားပြောကြားသည်။

ဂုဏ်ပြုလက်မှတ်

ထို့နောက် (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်းရေးသားရိုက်ကူးထုတ်လွှင့်သူ၊ ဇာတ်ညွှန်းရေးသားသူ၊ သရုပ်ဆောင်များ၊ တေးသီချင်းသီဆိုပေးသော အဆိုတော်များ၊ မီးသတ်တပ်ဖွဲ့နေ့ အကြိုလှုပ်ရှားမှု သတင်းများ၊ ဆောင်းပါးများ၊ တည်းဖြတ်ပေးသူ စာတည်းမှူး၊ စာတည်းနှင့် သတင်းထောက်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ MRTV-4 နှင့် မြဝတီရုပ်မြင်သံကြားတို့မှ ကူညီဆောင်ရွက်ပေးသူများအား ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုလက်ဆောင်များနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် ၄၇ဦး၊ ဗဟိုကျင့်ဝတ်ဖြေဆိုမှုပြိုင်ပွဲတွင် အရာရှိအဆင့်၊ အကြပ်အဆင့်၊ တပ်သားအဆင့်ရရှိသူများ၊ ပြင်ပသင်တန်း ထူးချွန်ဆုရရှိသူများ၊ ပြည်နယ်၊ တိုင်းဘက်စုံဆု၊ အားကစားထူးချွန်ဆု၊ တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူများ၊ စခန်းသာယာလှပရေးဆုရရှိသည့် မြို့နယ်မီးသတ်စခန်းများအား တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**မသေမီမှာ ထွက်ပေါက်ရှာ** တရားတော် (ဆရာတော် အရှင်သုဇာတ) (ထန်းတပင်)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၃)
၈:၃၀	Sports World (Contender England)
၈:၅၅	ရှင်သန်ဆဲ ဘဝတစ်ခုအတွက် ထင်ကျန်ရစ်မည့်မှတ်တိုင်
၉:၁၀	Activities in the City [အလက(၉) အင်းစိန်၏ အာစရိယပူဇော်ပွဲ]
၉:၂၅	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ကျော်လီဆွေ) (အပိုင်း-၁)
၁၀:၁၅	ပီတိလွှမ်းပြည့်....မင်္ဂလာနေ့
၁၀:၄၀	လက်မှုပညာ၏ ဆန်းသစ်သော ဖန်တီးမှုနှင့်....
၁၀:၅၀	ဖက်ရှင်လမ်းညွှန် (Bangkok Fashion)
၁၁:၁၅	ရွှေထီးတော် တင်လှူပူဇော် ကံဆင့်ကံမြင့်စေတီတော်
၁၁:၃၀	မြန်မာ့ **အိုး**
၁၁:၄၅	VJ Choice
၁၂:၁၅	ပီတိလွှမ်းပြည့်....မင်္ဂလာနေ့
၁၂:၃၅	ရှင်သန်ဆဲဘဝတစ်ခုအတွက် ထင်ကျန်ရစ်မည့် မှတ်တိုင်
၁:၀၀	**မသေမီမှာ ထွက်ပေါက်ရှာ** တရားတော် (ဆရာတော် အရှင်သုဇာတ) (ထန်းတပင်)
၂:၀၀	MRTV-4 သတင်း
၂:၄၅	သူတို့ပြောတဲ့ သူတို့အကြောင်း [ဒါရိုက်တာ ဝင်းထွန်းထွန်း၊ (အနုပညာပြချက်)နှင့် တွေ့ဆုံခြင်း] (အပိုင်း-၁)
၃:၁၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၃)
၄:၀၀	ရွှေထီးတော်တင်လှူပူဇော် ကံဆင့်ကံမြင့်စေတီတော်
၄:၂၀	Activities in the City [အလက(၉) အင်းစိန်၏ အာစရိယပူဇော်ပွဲ]
၄:၃၅	ကန္ဒရဝတီ၏ ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာဆီသို့....
၄:၅၅	လက်မှုပညာ၏ ဆန်းသစ်သော ဖန်တီးမှု....
၅:၁၀	World of Knowledge (Cave Rescue)
၆:၀၀	MRTV-4 သတင်း
၆:၂၀	လှပသစ်ဆန်း အလှပြင်ခန်း (Hana Beauty Saloon)
၆:၄၀	ငွေဆောင်ကမ်းခြေ (၁၀)နှစ်ပြည့် Miss Ngwe Saung 2010 ရွေးချယ်ပွဲအခမ်းအနား
၇:၀၅	ဖက်ရှင်လမ်းညွှန် (Bangkok Fashion)
၇:၂၅	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	VJ Choice
၉:၀၀	သူတို့ပြောတဲ့သူတို့အကြောင်း [ဒါရိုက်တာ ဝင်းထွန်းထွန်း၊ (အနုပညာပြချက်)နှင့် တွေ့ဆုံခြင်း] (အပိုင်း-၁)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၃)
၁၀:၀၀	ငွေဆောင်ကမ်းခြေ (၁၀)နှစ်ပြည့် Miss Ngwe Saung 2010 ရွေးချယ်ပွဲအခမ်းအနား
၁၀:၂၅	လှပသစ်ဆန်း အလှပြင်ခန်း (Hana Beauty Saloon)
၁၀:၄၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၀၀	ရေထဲကငွေ
၁၁:၀၅	သဘာဝအစားအစာများ **ရှားစောင်းလက်ပပ်ယိုနှင့် ဖျော်ရည်**
၁၁:၃၅	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၁၁:၅၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မီးကိုသတိ မြဲထားရှိ စောင့်ကြည့်နေပါ သင့်ဝန်တာ

VBSW ရဲ့ ဆရာက ABSDF ၊ ABSDF ရဲ့ အုပ်ထိန်းသူက DAB၊ DAB ရဲ့ God Father က NCUB ဖြစ်နေ NCUB ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသူက KNU ဆိုတာကြောင့် နောက်ကွယ်က ဘယ်သူတွေ ကြိုးကိုင်နေတယ်ဆိုတာထင်ရှား

✻ ရှေ့ဖုံးမှ

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ဒီဖြစ်စဉ်နဲ့ပတ်သက်လို့ တရားခံဖမ်းဆီးနိုင်ရေးအတွက် ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူတွေရဲ့ အကူအညီနဲ့ နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ဒီဖြစ်စဉ်မှာ ကိုယ်တိုင်ကျူးလွန်ခဲ့သူတွေအနက် (၁)ဦးကို ဖမ်းဆီးထိန်းသိမ်းထားနိုင်ခဲ့ပြီးဖြစ်ပါတယ်။ သူ့ရဲ့တရားဝင် ထွက်ဆိုချက်တွေအရ ဒီပြစ်မှုကြီးမှာ ပါဝင်ကျူးလွန်ကြသူတွေ၊ သူတို့ရဲ့ကြိုတင်စီမံမှုနဲ့ ဆောင်ရွက်ပုံဆောင်ရွက်နည်း စတာတွေ ဖော်ထုတ်သိရှိရပါတယ်။ ဒါ့အပြင် အခြားသော အထောက်အကူ အဆက်အစပ်များအရ ဒီဖြစ်စဉ်ကို နောက်ကွယ်က ဘယ်သူတွေ ကြိုးကိုင်ခြယ်လှယ်နေတယ်၊ သူတို့တွေရဲ့ မဟာဗျူဟာအစီအစဉ်တွေက ဘယ်လိုချမှတ်ထားတယ်ဆိုတာကိုပါ ဖော်ထုတ်သိရှိခဲ့ကြောင်းလည်းပြောကြားလိုပါတယ်။ ဧည့်သည်တော်ကြီးများအပါအဝင် ပြည်သူတစ်ရပ်လုံးက ဒီဖြစ်စဉ်ရဲ့ အခြေအနေအရပ်ရပ်ကို မြန်မြန်ဆန်ဆန် သိချင်နေကြမှာဖြစ်ပြီး စိုးရိမ်ကြောင့်ကြမှုများလည်း ရှိနေနိုင်တယ်လို့ ယူဆပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့က တရားခံအားလုံးကို ဖော်ထုတ်ဖမ်းဆီးနိုင်ဖို့ ကြိုးပမ်းနေချိန်မှာ တရားခံပစ်မှတ်တွေပျောက်ကွယ်မသွားရအောင် ပိပိရိရိနဲ့ စိစစ်နေခဲ့ရတာကြောင့် ရက်သတ္တပတ် (၂)ပတ်ကျော်ခန့်ကြာသည်အထိ ပြည်သူထံ ချပြရှင်းလင်းမှု မပြုနိုင်ခဲ့တာကိုလည်း နားလည်ပေးကြဖို့ အလေးထား ပြောကြားလိုပါတယ် ခင်ဗျာ။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ အခင်းဖြစ်ရပ်မှာရရှိတဲ့ သက်သေခံအထောက်အထားတွေ၊ သဲလွန်စတွေ၊ သက်သေထွက်ချက်တွေနဲ့ အကြမ်းဖက်မှုကို မလိုလားတဲ့ ပြည်သူတွေရဲ့ ပံ့ပိုးကူညီမှုတွေနဲ့ ဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ ဖြစ်စဉ်ကို အနှစ်ချုပ်တင်ပြရရင် ဒီဖြစ်ရပ်ဆိုးကြီးကို မြေပြင်မှာ လက်တွေ့ကျူးလွန်ခဲ့သူတွေဟာ (Vigorous Burmese Students Warriors = VBSW) စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့ အဖွဲ့ဝင်အကြမ်းဖက်ဝါဒီ လူသတ်သမား လေးဦး ဖြစ်ပါတယ်။ ဒီအစီအမံကို အမိန့်ချပေးသူက စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့ (VBSW) ခေါင်းဆောင် ရဲသီဟ(ခ) သူရ (ခ)စန်းနိုင် ဖြစ်ပါတယ်။ ရဲသီဟ(ခ) သူရ (ခ) စန်းနိုင်ဟာ အကြမ်းဖက်ဖောက်ခွဲရေးသမား ဖြစ်ပါတယ်။ သူ့ရဲ့အစီအမံနဲ့ VBSW



အဖွဲ့ဟာ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတွင်းမှာ ဖောက်ခွဲဖျက်ဆီးမှု (၁၉)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၊ ပန်ဒိုရားမားဟိုတယ်၊ ဇော်ဂျီဟောက်စ်နဲ့ တောင်ဥက္ကလာ ရွှေမန်းသူကားဝင်းအတွင်း ဗုံးဖောက်ခွဲမှုတွေဟာ သူတို့ရဲ့ လက်ချက်ဖြစ်ကြောင်း၊ သူတို့ကိုယ်တိုင် တရားဝင်ထုတ်ပြန်ကြေညာချက်တွေနဲ့ ဖမ်းဆီးရမိထွက်ဆိုချက်တွေအရ အတည်ပြုဖော်ထုတ်ရရှိခဲ့ပါတယ်။ ၁၉၉၀ ခုနှစ် အောက်တိုဘာလ ၁ရက်နေ့က ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးကို စီးနင်းတိုက်ခိုက်ခဲ့တာရယ်၊ ထိုင်းနိုင်ငံ ရာချ်ပူရီဆေးရုံကို စီးနင်းတိုက်ခိုက်မှုတွေရယ်ဟာလည်း သူတို့ရဲ့လက်ချက်ပဲဖြစ်ပါတယ်။ အဓိကရည်ညွှန်းလိုတဲ့အချက်က VBSW ဆိုတာရယ် ရဲသီဟ(ခ) သူရ(ခ) စန်းနိုင်ဆိုတာတွေဟာ အကြမ်းဖက် လူသတ်ဝါဒီတွေဖြစ်တယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

VBSW ဟာ တစ်စထက်တစ်စ နာမည်ဆိုးနဲ့ ကျော်ကြားလာလို့ ဆက်လက်ရပ်တည်ဖို့ ခက်ခဲလာတာကြောင့် ထိုင်း-မြန်မာနယ်စပ်ရှိ ABSDF ဒေါင်းခွင်စခန်းမှာ ဌာနချုပ်ထားပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် မယ်စရိယန်မြို့နယ်အတွင်းက ABSDF ရုံးမှာ ရုံးခွဲဖွင့်လှစ်ပြီး ခေတ္တခဏ ခေါင်းလျှိုနေခဲ့ပါတယ်။ အဲဒီလို အချိန်မျိုးမှာ VBSW ခေါင်းဆောင် ရဲသီဟဟာ ပြည်သူ့ပြောက်ကျားတပ်ဦး (People Guerrilla Front = PGF) ဆိုတဲ့အမည်နဲ့ အကြမ်းဖက်အဖွဲ့တစ်ခုကို ၂၀၀၆ခုနှစ်မှာ အမည်ခံကိုယ်စားမွေးထုတ်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်တွေကို ဆက်လက်ဆောင်ရွက်နေခဲ့ပါတယ်။ ၁၆-၉-၂၀၀၉ ရက်နေ့က ရွှေပေါက်ကံ၊ မင်္ဂလာဒုံ၊ လှိုင်သာယာစတဲ့ စက်မှုဇုန်တွေမှာ ဗုံးခုနစ်လုံး ဖောက်ခွဲခဲ့တဲ့ ဖြစ်ရပ်ဟာ PGF အမည်ခံ VBSW ပဲဖြစ်တယ်ဆိုတာကို အဲဒီတုန်းက ဖမ်းဆီးရမိတဲ့ PGF အဖွဲ့ဝင် ကျော်ဇောလင်း (ခ)ကိုဆိုင်းရဲ့ ဖွင့်ဟထွက်ဆိုချက်တွေအရ သိရှိရပြီး ၃၀-၁-၂၀၁၀ ရက် သတင်းစာရှင်းလင်းပွဲမှာ ရှင်းပြပြီးဖြစ်တာကို ဧည့်သည်တော်ကြီးများ မှတ်မိကြလိမ့်မယ်လို့ ယူဆပါတယ်။ အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုတွေကို မြိန်ရေရှက်ရေ လုပ်တတ်တဲ့ VBSW အဖွဲ့ရဲ့ ဆရာဟာ ABSDF ဖြစ်ပြီး ABSDF ဆိုတာကလည်း ၂၅-၈-၂၀၀၆ ရက်နေ့မှာ နိုင်ငံတော်က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခံထားရတဲ့ အဖွဲ့ဖြစ်ပြီး မြန်မာပြည်ဒီမိုကရက်တစ်ပါတီ မဟာမိတ်အဖွဲ့ချုပ် (DAB) ရဲ့ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ DAB ဆိုတာက မြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) အောက်မှာရှိတဲ့ အဖွဲ့လေးဖွဲ့ထဲက တစ်ဖွဲ့ဖြစ်ပါတယ်။ NCUB ရဲ့ဥက္ကဋ္ဌဟာ KNU ဗိုလ်ချုပ်ကြီးအဆင့်လို့ သတ်မှတ်ခေါ်ဝေါ်နေတဲ့ တာမလာဘော ဖြစ်တာကြောင့် နောက်ကြောင်း ပြန်ကောက်ကြည့်ရင် ဒီဖြစ်စဉ်ရဲ့ နောက်ကွယ်က ဆရာကြီးတွေဟာ ဘယ်သူဆိုတာ သုံးသပ်သိရှိနိုင်မှာ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ဖြစ်စဉ်နောက်ကြောင်းကို ပြန်ကောက်ရရင် အထက်ကတင်ပြခဲ့တဲ့ VBSW အဖွဲ့ဝင်လေးဦးဟာ တစ်ဖက်နိုင်ငံ မဲဆောက်မြို့မှာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ပထမပတ်အတွင်းက VBSW အဖွဲ့ခေါင်းဆောင် ရဲသီဟ(ခ)သူရ (ခ)စန်းနိုင်နဲ့ တွေ့ဆုံခဲ့ကြပါတယ်။ ရဲသီဟ(ခ) သူရ(ခ) စန်းနိုင်က သူတို့ရဲ့ ဆရာကြီးတွေချမှတ်ပေးတဲ့ မဟာဗျူဟာ ရည်မှန်းချက်တာဝန်များအတိုင်း ပြည်တွင်းမှာဖောက်ခွဲရေးလုပ်ဖို့၊ ပြည်သူတွေ အထိတ်တလန့်ဖြစ်အောင် ဆောင်ရွက်ဖို့နဲ့ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ၂၀၁၀ ရွေးကောက်ပွဲကြီး ပျက်ပြားအောင် ဦးတည်ဆောင်ရွက်ဖို့၊ ရန်ကုန်သင်္ကြန်မဏ္ဍပ်တစ်ခုကို ဖောက်ခွဲဖျက်ဆီးဖို့ အစီအမံတွေ ချမှတ်ပေးခဲ့ပါတယ်။ ဒီစီမံချက်ကို ဆောင်ရွက်ဖို့ ပြည်တွင်းကို ပြန်ဝင်မယ့် VBSW အဖွဲ့ဝင်များကို အမည်ဝှက်တွေပေးပြီး မှတ်ပုံတင်အတုများလည်း ဖန်တီးပေးခဲ့ပါတယ်။ မြေပြင်မှာအကောင်အထည်ဖော်မယ့်သူတွေရဲ့ အမည်ဝှက်တွေကတော့-

- သီဟဇော်(ခ) သူရဇော်(ခ)ဗိုလ်သူ(ခ)ဇော်ထက် ကို **သိန်းထိုက်**
- အောင်ကြီး ကို **အုန်းကျော်ဌေး**
- မျိုးအေး ကို **စိုးမိုး**

သတင်းစာရှင်းလင်းပွဲတွင် ပြသထားသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ X_2O (တန်ခူးလေ) မဏ္ဍပ်ရှေ့တွင် နေရာယူ ဗုံးပေါက်ကွဲမှု အခြေအနေပြမြေပုံကြမ်း၊ ဗုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံများ၊ ပေါက်ကွဲသည့် လက်ပစ်ဗုံးနှင့် မပေါက်ကွဲသည့် အဝေးထိန်းဗုံး၊ ပေါက်ကွဲမှုတွင် ကျူးလွန်သူ အကြမ်းဖက်သမားများနှင့် ဆက်စပ်မှုအခြေပြဇယားနှင့် အကြမ်းဖက်သမားများ၏ ကိုယ်ရေးအကျဉ်းမှတ်တမ်းတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

- ဖြိုးဝေအောင် ကို **သက်ခိုင်**
- သက်ပြင်း ကို **နေမျိုးဝင်း** လို့ သတ်မှတ်ပေးခဲ့ပါတယ်။

ရဲသီဟ(ခ)သူရ(ခ)စန်းနိုင်ဟာ ဧပြီ ၁၅ရက်နေ့ ဖောက်ခွဲမှု ပြစ်မှုကြီးကို ကျူးလွန်ဖို့အတွက် သီဟဇော်(ခ)သူရဇော်(ခ)ဗိုလ်သူ(ခ) ဇော်ထက်(ခ) သိန်းထိုက်ကို မြေပြင်ခေါင်းဆောင်အဖြစ်ခန့်အပ်ပြီး အဆင့်(၁)လို့ သတ်မှတ်ပါတယ်။ သူဟာ VBSW ခေါင်းဆောင် ရဲသီဟ(ခ) သူရ(ခ)စန်းနိုင်ရဲ့ ယုံကြည်ရတဲ့ လက်ရုံးတပည့်လည်း ဖြစ်ပါတယ်။ လက်ရဲဇက်ရဲရှိတဲ့ အောင်ကြီး(ခ) အုန်းကျော်ဌေးကို အဆင့်(၂) လို့ သတ်မှတ်ပါတယ်။ ဒါ့အပြင် VBSW အဖွဲ့ရဲ့ ဖောက်ခွဲရေးနည်းပြလည်းဖြစ်၊ အခင်းဖြစ်ရပ်မှာ မိုင်းနဲ့တွဲပြီးချထားတဲ့ တယ်လီဖုန်းကို အဝေးကနေ တယ်လီဖုန်းခေါ်ပြီး ဒုတိယအဆင့်ဖောက်ခွဲမှု တာဝန်ယူမယ့်သူဖြစ်တဲ့ မျိုးအေး(ခ) စိုးမိုးကို အဆင့် (၃)သတ်မှတ်ပြီး၊ ဖောက်ခွဲရေးပစ္စည်းတွေ ထားသိုဖို့နေရာရှာပြီး ပြည်တွင်းမှာ အချိတ်အဆက်တစ်ခုအဖြစ် ကြိုတင်မြှုပ်နှံထားတဲ့သူလည်းဖြစ်၊ ဖောက်ခွဲရေးသင်တန်းဆင်းပြီးလည်းဖြစ်ပြီး၊ ဧပြီလ ၁၅ ရက်နေ့ ဖောက်ခွဲမှုမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို စောင့်ကြည့်ပေးတဲ့ တာဝန်ကိုယူရတဲ့ ဖြိုးဝေအောင်(ခ)သက်ခိုင်ကို အဆင့်(၄) ဆိုပြီး သတ်မှတ်ပေးခဲ့ကြောင်း ဖော်ထုတ်သိရပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ပြည်တွင်းကနေ ချိတ်ဆက်ပေးမယ့် ဖြိုးဝေအောင်(ခ)သက်ခိုင်နဲ့ ဒီဖြစ်စဉ်မှာ ပြည်ပကဝင်လာပြီး မြေပြင်မှာခေါင်းဆောင်မယ့် သီဟဇော်(ခ) သူရဇော်တို့ နှစ်ဦးရဲ့ ဆက်စပ်မှုကိုပြောရရင် ဖြိုးဝေအောင်ဟာ AGTI (EP) နဲ့ ကျောင်းပြီးထားသူတစ်ဦးဖြစ်ပြီး ဆောက်လုပ်ရေး ကန်ထရိုက်တာတစ်ဦးလည်း ဖြစ်တာကြောင့် ဆောက်လုပ်ရေး ကန်ထရိုက်လုပ်နေတဲ့ သီဟဇော်(ခ)သူရဇော်နဲ့ ၂၀၀၆ ခုနှစ် နှစ်လယ်ပိုင်းလောက်က တောင်ဥက္ကလာပမြို့နယ် ချယ်ရီဥယျာဉ်အိမ်ရာ ဆောက်လုပ်ရေး၊ ဆာကူရာဆောက်လုပ်ရေးကုမ္ပဏီမှာ တွေ့ဆုံခဲ့ကြတာဖြစ်ပြီး နေအိမ်ချင်းကပ် အတူနေလာရာက စတင်ရင်းနှီးခဲ့လို့ နောက်ပိုင်းမှာ လုပ်ဖော်ကိုင်ဖက်အဖြစ် ဆက်ဆံလာကြတဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ သူတို့နှစ်ဦးဟာ ပြည်တွင်း/ပြည်ပ On Line တွေနဲ့ အကြိမ်ကြိမ် ဆက်သွယ်မှုယူပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

မဲဆောက်မှာ တစ်ပတ်ခန့်နေခဲ့တဲ့ ဖြိုးဝေအောင်(ခ)သက်ခိုင်ဟာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှာ မျိုးအေး(ခ)စိုးမိုးနှင့်အတူ ပြည်တွင်းသို့ ပြန်ဝင်လာပါတယ်။ ရဲသီဟ(ခ)စန်းနိုင်က ဖြိုးဝေအောင်ကို မူလတာဝန်ဖြစ်တဲ့ ဖောက်ခွဲရေးပစ္စည်းများထားဖို့ အိမ်ခန်းငှားရန်တာဝန်ပေးပြီး လမ်းစရိတ် တစ်သိန်း၊ အိမ်ငှားခ လေးသိန်း၊ ပေါင်း ငွေငါးသိန်းကို တစ်ပါတည်း ပေးလိုက်ပါတယ်။ ဖြိုးဝေအောင်ဟာ ရန်ကုန်သို့ရောက်တဲ့အခါ နာမည်ဝှက် သက်ခိုင်အမည်နဲ့ မှတ်ပုံတင်အတု အသုံးပြုပြီး အမှတ်(၄၆)၊ (၇)လွှာ၊ ၄က်ပျောတောလမ်း၊ စမ်းချောင်းမြို့နယ်ရှိ တိုက်ခန်းကို တစ်လ ငွေကျပ် (၆၅၀၀၀)နဲ့ ခြောက်လအတွက်စာချုပ်ပြီး ငှားရမ်းခဲ့ပါတယ်။ အိမ်ငှားမရခင် ၇ရက်လောက် မျိုးအေး(ခ)စိုးမိုးကို ဖြိုးဝေအောင် အိမ်မှာနေစေခဲ့ပါတယ်။ ၃၁-၁၂-၂၀၀၉ ရက်နေ့မှာ တိုက်ခန်းငှားခ အကျေပေးချေခဲ့ပြီး အိမ်သော့နှစ်ချောင်းရတဲ့အတွက် ဖြိုးဝေအောင်နဲ့ မျိုးအေး(ခ) စိုးမိုးတို့ တစ်ချောင်းစီ ယူထားကြပါတယ်။ အဲဒီနေ့မှာပဲ ဖြိုးဝေအောင်က သူရဇော်ဆီကို အိမ်ငှားပြီးကြောင်း G-talk နဲ့ အကြောင်းကြားခဲ့တယ်လို့ သိရပါတယ်။

ဖြိုးဝေအောင်(ခ)သက်ခိုင်နဲ့ မျိုးအေး(ခ)စိုးမိုးတို့ နှစ်ဦး ရန်ကုန်ရောက်ပြီးတဲ့နောက်မှာ ဖြိုးဝေအောင်က မျိုးအေးကို ပစ်မှတ်ဖြစ်နိုင်မယ့် ရန်ကုန်ဘူတာကြီး၊ တရုတ်တန်း၊ မော်တင်သဘော်ဆိပ်၊ သဃ်န်းကျွန်း၊ ဇဝနကျားမင်းဂိတ်၊ တောင်ဥက္ကလာ ရတနာလမ်း၊ ရာဇာမင်းကားဂိတ်၊ အောင်မင်္ဂလာ အဝေးပြေးဂိတ်၊ လှိုင်သာယာအဝေးပြေးဂိတ်စတဲ့ နေရာတွေကို လိုက်လံပြသခဲ့ပါတယ်။ မျိုးအေး(ခ)စိုးမိုးတစ်ယောက်တည်းလှုပ်ရှားသွားလာတတ်ဖို့လည်း

စာမျက်နှာ ၆ ကော်လံ ၁

ဗဟိုအာရှ နျူလက်နက်ကင်းမဲ့ရေးဇုန် ထူထောင်မှု အာဆီယံနိုင်ငံများ ဝမ်းမြောက်စွာ ကြိုဆို

ဂျီနီဗာ မေ ၆

ဗဟိုအာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန်ထူထောင်ရေးစာချုပ် အာဏာတည်လာခြင်းကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အာဆီယံ)က မေ ၄ရက်တွင် တရားဝင်ထုတ်ဖော်ပြောကြားသည်။

ထို့အပြင် အရှေ့အလယ်ပိုင်းဒေသအတွင်း နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန် တည်ထောင်ရေးကိုလည်း ထောက်ခံသွားမည်ဖြစ်ကြောင်း အာဆီယံအဖွဲ့ကိုယ်စား ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖန်ဘင်မင်က ပြောကြားသည်။

ပြောကြား

နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန် တည်ထောင်ခြင်းသည် နျူကလီးယား မပြန့်ပွားရေးနှင့် နျူကလီးယား ရုပ်သိမ်းရေး ဆောင်ရွက်ရာတွင် အရေးပါသည့်ကိစ္စရပ်တစ်ခုဖြစ်ကြောင်း အာဆီယံအဖွဲ့ဝင် ဖန်ဘင်မင်က ပြောကြားသည်။

ကတိပြု

ဗဟိုအာရှ၌ ကာဂျစ်စတန်၊ ကာဇက်စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံများ ပါဝင်ပြီး နျူကလီးယားလက်နက်ကင်းမဲ့ဇုန်အဖြစ် တည်ထောင်သွားမည်ဖြစ်ကြောင်း ကတိပြုကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ဂျီးရီးယားသမ္မတ ကွယ်လွန်

လေဂို့စ် မေ ၆

နိုင်ဂျီးရီးယားသမ္မတ အူမာရုယာ အဒူယာ(**အပေါ်ပုံ**)သည် မေ ၅ရက်က သမ္မတအိမ်တော်၌ ကွယ်လွန်ခဲ့ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ခဲ့သည်။

သမ္မတဖြစ်လာ

အဆိုပါသမ္မတ ကွယ်လွန်သွားခဲ့ခြင်းကို ၄င်း၏ လက်ထောက်နှင့် ပြန်ကြားရေးဝန်ကြီးက အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ၄င်းသည် ၂၀၀၇ ခုနှစ်က သမ္မတဖြစ်လာခဲ့သည်။

ကွယ်လွန်

အသက် ၅၈နှစ်ရှိ သမ္မတအဒူယာသည် နာမကျန်းရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကင်ညာနိုင်ငံတွင် ယာဉ်တိုက်မှုဖြစ်ပွား ၁၀ဦးသေဆုံး ကိုးဦး ဒဏ်ရာရရှိ

နိုင်ရိုဘီ မေ ၆

ကင်ညာနိုင်ငံအလယ်ပိုင်းဒေသတွင် ကားအရှိန်မြင့် မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားရာ ၁၀ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း အင်တာနက်၌ မေ ၄ရက်က ဖော်ပြသည်။

ဝင်တိုက်

အဆိုပါယာဉ်တိုက်မှုသည် မေ ၃ရက် နံနက်ပိုင်းက နိုင်ရိုဘီမြို့တော် အရှေ့မြောက်ပိုင်းကီလိုမီတာ ၄၀အကွာရှိ သီကမြို့တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ခရီးသည်တင် မီနီဘတ်စ်ကားသည် နိုင်ရိုဘီမှ မူရန်ဂါမြို့သို့ မောင်းနှင်လာရာ လမ်းချော်ပြီး သစ်ပင်တစ်ပင်ကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

မော်တော်ယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည် ၁၀ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ သေဆုံးသူများတွင် အမျိုးသမီးနှင့် ကလေးငယ်များပါဝင်သည်။ **(အင်တာနက်)**

ပီကာဆို၏ပန်းချီကား ဒေါ်လာ ၁၀၆ သန်းဖြင့် စံချိန်တင်ရောင်းချရ

နယူးယောက် မေ ၆

*ပီကာဆို၏ ပန်းချီကား **(အပေါ်ပုံ)**ကို နယူးယောက်မြို့၌ အမေရိကန်ဒေါ်လာ ၁၀၆ သန်းဖြင့် စံချိန်တင်ရောင်းချနိုင်ခဲ့ရကြောင်း မေ ၄ ရက်တွင် ပြည်နယ်မီဒီယာများက သတင်းထုတ်ပြန်သည်။*

စံချိန်သစ်တင်

အဆိုပါပန်းချီကားကို ၁၉၅၀ ခုနှစ် ကတည်းက လော့အိန်ဂျလိစ်မြို့ရှိ ပန်းချီကားစုဆောင်းသူ ဆစ်ဒ်နီဘရွန်ဆိုသူက ပိုင်ဆိုင်ခဲ့ပြီး ယင်းပန်းချီကားတန်ဖိုးကို အမေရိကန်ဒေါ်လာ သန်း၇၀မှ ဒေါ်လာ သန်း၉၀ အကြား မျှော်မှန်းထားရှိရာမှ စံချိန်သစ်တင် ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလအတွင်း၌ အမည်မသိသူတစ်ဦးက တယ်လီဖုန်းဖြင့် ပီကာဆို၏ ပန်းချီကားကို လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၁၀၄ဒသမ၃ သန်းရရှိသည်။ ပီကာဆို၏ အခြားသောပန်းချီကားကိုလည်း အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ၁သန်းဖြင့် ၂၀၀၄ခုနှစ်က စံချိန်တင်ရောင်းချခဲ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အမေရိကန် လေယာဉ်တင်သင်္ဘောအနီး အီရန်ရေတပ်လေယာဉ် ပျံသန်းဓာတ်ပုံရိုက်

တီဟီရန် မေ ၆

ပါရှန်ပင်လယ်ကွေ့ရေပြင်ပိုင်နက်တွင် အမေရိကန် လေယာဉ်တင်သင်္ဘောအနီးသို့ အီရန်လေယာဉ် တစ်စင်းပျံသန်းကြောင်း အီရန်ရေတပ် တပ်မှူးက မေ ၅ရက်၌ အတည်ပြု ပြောကြားသည်။

အီရန်ရေတပ်မှ အက်ဖ်-၂၇လေယာဉ်သည် ဧပြီ၂၁ရက်က ယူအက်စ်အက်စ်အိုင်ဆင်ဟောင်ဝါ သင်္ဘောအနီး ပေ၃၀၀အမြင့်မှ ပျံသန်းခဲ့သည်ဟု စီအင်န်အင်န်သတင်းဌာနသို့ အမေရိကန်ထိပ်တန်းစစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။ အမေရိကန်စစ်သင်္ဘောများက ဘိုမန်ပင်လယ်ကွေ့ရေပြင်တွင် မောင်းနှင်သွားလာလျက်ရှိစဉ် အီရန်ရေတပ်က ဒေသအတွင်း ပုံမှန်ဆောင်ရွက်နေသည့် စောင့်ကြည့်လေ့လာရေး တာဝန်ကို ထမ်းဆောင်ခြင်းသာဖြစ်သည်ဟု အီရန်ရေတပ်ဗိုလ်ချုပ်ကြီး ဟာဘီဘိုလာက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပြောကြား

အီရန်ရေတပ်မှ အက်ဖ်-၂၇လေယာဉ်က လေယာဉ်တင်သင်္ဘောအား ဓာတ်ပုံရိုက်ယူခဲ့သည်ဟု ၄င်းကဆက်လက် ပြောကြားသည်။ **(အင်တာနက်)**

ပေါ်တူဂီ၌ ဘိုင်အိုဒီဇယ်ထုတ်လုပ်ရေး ဘရာဇီးကုမ္ပဏီ ရင်းနှီးမြှုပ်နှံမည်

ရီယိုဒီဂျနေးရိုး မေ ၆

ပေါ်တူဂီနိုင်ငံ၌ ဘိုင်အိုဒီဇယ်ထုတ်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ဘရာဇီးရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ ပီထရိုဘတ်စ်နှင့် ပေါ်တူဂီကုမ္ပဏီ ဂလက်ပ်အင်နာဂျီအာတို့ သဘောတူညီကြကြောင်း ဆင်ဟွာသတင်းတွင် မေ ၄ ရက်က ဖော်ပြသည်။

အဆိုပါသဘောတူညီမှုအရ ပေါ်တူဂီအစိုးရကခွင့်ပြုထားသည့် လုပ်ကွက်သုံးနေရာတွင် ပီထရိုဘတ်စ်က ၅၀ ရာခိုင်နှုန်းထည့်ဝင်ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး အခြားလုပ်ကွက်လေးနေရာတွင် ပေါ်တူဂီကုမ္ပဏီ ဂလက်ပ်အင်နာဂျီအာနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မျှော်လင့်

အဆိုပါစီမံကိန်းမှ ထုတ်ယူရရှိသော ဘိုင်အိုဒီဇယ်များကို ဥရောပဈေးကွက်သို့ တင်ပို့ရန် ရည်ရွယ်ထားသည်ဟုဆိုသည်။ ဥရောပဈေးကွက်အတွင်း၌ ဘိုင်အိုလောင်စာ ထုတ်လုပ်သူအဖြစ် နေရာယူနိုင်ရန် ပီထရိုဘတ်စ်က မျှော်လင့်ထားသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းမြို့၌ အားပြင်းလေဆင်နှာမောင်းတိုက်ခတ်ပြီးနောက် အပျက်အစီးများကို မေ ၆ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တရုတ်နိုင်ငံ ချုံကျင်း၌ လေဆင်နှာမောင်းမွှေနှောက် ဒေသခံ ၂၃ဦးသေဆုံး၊ ၁၆၀ဒဏ်ရာရရှိ

ချုံကျင်း မေ ၆

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချုံကျင်းမြို့၌ မေ ၅ရက်က အားပြင်းလေဆင်နှာမောင်း မွှေနှောက်တိုက်ခတ်ခဲ့ရာ ဒေသခံ ၂၃ဦး သေဆုံးပြီး ၁၆၀ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် မေ ၆ရက်က ဖော်ပြသည်။

ကယ်ဆယ်

ယင်းလေဆင်နှာမောင်း မွှေနှောက်တိုက်ခတ်မှုကြောင့် နေအိမ်အများအပြားပျက်စီးခဲ့ရကြောင်း၊ ကောက်ပဲသီးနှံစိုက်ခင်းများလည်း ပျက်စီးခဲ့ရကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ့ဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး အင်ဒိုနီးရှားဘဏ္ဍာရေးဝန်ကြီးအား ခန့်အပ်

ဝါရှင်တန် မေ ၆

ကမ္ဘာ့ဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် အင်ဒိုနီးရှားဘဏ္ဍာရေးဝန်ကြီး ဆရီမူရာနီအန်ဒရာဝတီအား ခန့်အပ်ကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုလစ်ဖ်က မေ ၄ရက်၌ တရားဝင်ထုတ်ပြန်ကြေညာသည်။

ချီးကျူး

အန်ဒရာဝတီသည် အင်ဒိုနီးရှားဘဏ္ဍာရေးဝန်ကြီးအဖြစ် ၂၀၀၅ခုနှစ်မှ စတင်ကာ ခန့်အပ်ခြင်းခံရပြီး စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် နှံ့စပ်ကျွမ်းကျင်သူဖြစ်သည်ဟု ဆိုသည်။ ထို့အပြင် အန်ဒရာဝတီသည် ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်းသည့် ကမ္ဘာ့ရေးရာများတွင် ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဂျီ-၂၀၊ အေပီအီးစီ၊ အာဆီယံနှင့်အခြားနိုင်ငံတကာအဖွဲ့အစည်းများတွင်လည်းကောင်း တက်ကြွစွာ ပါဝင်ဆောင်ရွက်သူဖြစ်သည်ဟု ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုလစ်ဖ်က ချီးကျူးပြောကြားသည်။

သုံးသပ်လေ့လာ

ကမ္ဘာ့ဘဏ်ဦးဆောင်ညွှန်ကြားရေးမှူးအနေဖြင့် အန်ဒရာဝတီသည် လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသ၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသတို့အပြင် အရှေ့အာရှနှင့် ပစိဖိတ်ဒေသများ၏ ဘဏ္ဍာရေးဆိုင်ရာများကို ကြီးကြပ်ကွပ်ကဲရမည့်အပြင် အဖွဲ့လိုက်သတင်းအချက်အလက်ဖလှယ်ခြင်းစနစ်အပေါ် သုံးသပ်လေ့လာမှု ပြုလုပ်သွားရမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိုက်စလန်မီးတောင် ပြာများကြောင့် ဗြိတိန်လေဆိပ် ပိတ်ထားရ

လန်ဒန် မေ ၆

အိုက်စလန်မီးတောင်ပြာများ ထပ်မံပေါ်ပေါက်ပြီး ဥရောပဒေသသို့ လွင့်မျောလျက်ရှိနေသဖြင့် ဗြိတိန်နိုင်ငံက ယင်း၏ လေကြောင်းပိုင်နက်များတွင် ထပ်မံကန့်သတ်မှုပြုလုပ်ကြောင်း အင်တာနက်သတင်း၌ မေ ၅ရက်တွင် ဖော်ပြသည်။

အိုက်စလန်မီးတောင်လှုပ်ရှားမှုများ မြင့်တက်လာသောကြောင့် ဗြိတိန်နှင့် အိုက်စလန်လေကြောင်းအာဏာပိုင်များက လေကြောင်းခရီးစဉ်များ မေ ၄ရက်တွင် ရပ်ဆိုင်းထားလိုက်ရသည်။

ပြန်လည်ဖွင့်လှစ်

မီးတောင်ပြာတိမ်တိုက်များ အတ္တလန္တိတ်ဒေသသို့ ဖြတ်သန်းသွားပြီး နာရီပေါင်းများစွာကြာမှ လေဆိပ်များပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

အာဖဂန်နစ္စတန်နိုင်ငံတွင် အင်အားပြင်းဗုံးပေါက်ကွဲ ခုနစ်ဦးသေဆုံး

ကဘူးလ် မေ ၆

အာဖဂန်နစ္စတန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများအရှိန်မြင့်တက်လာစဉ် နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသတွင် အင်အားပြင်းထန်သည့် ဗုံးတစ်လုံးပေါက်ကွဲသဖြင့် ခုနစ်ဦး သေဆုံးပြီး ၁၄ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အာဖဂန်အရှေ့တောင်ပိုင်း ပက်တီယာပြည်နယ် ဇော်မက်ခရိုင်တွင်ပေါက်ကွဲမှုဖြစ်ပွားသည်ဟု အာဖဂန်တာဝန်ရှိပုဂ္ဂိုလ်များကပြောကြားသည်။ သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်ဟု အရာရှိများက ပြောကြားသည်။

အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များတိုက်ခိုက်မှု သို့မဟုတ် တာလီဘန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ၏ တွန်းလှန်တိုက်ခိုက်မှုများကြောင့် အာဖဂန်အရပ်သူအရပ်သားများ ထောင်ချီပြီးအသက်ဆုံးရှုံးလျက်ရှိသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ၂၀၁၀ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲအတွင်း ဆန်းသစ်တီထွင်မှုပြကွက်၌ ပြသထားသောစက်ရုပ်ကို မေ၅ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

❒ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ အထူးဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ တက်ရောက် ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက X_2O ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် ကိုယ်တိုင်ကျူးလွန်ခဲ့သူများအနက် တစ်ဦးကို ဖမ်းဆီးရမိပြီး

နောက်ကွယ်မှ အထောက်အကူပြု ကြိုးကိုင်နေသူများအား ဖော်ထုတ်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပြန်လည်ရှင်းလင်းဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

သတင်းစာရှင်းလင်းပွဲ အပြီးတွင် တက်ရောက်လာကြသော ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များသည် သတင်းစာရှင်းလင်းပွဲ ကျင်းပရာ ခန်းမကြီးအတွင်း ခင်းကျင်းပြသထားသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ X_2O (တန်ခူးလေ) မဏ္ဍပ်ရှေ့တွင် နေရာယူဗုံးပေါက်ကွဲမှု အခြေအနေပြ မြေပုံကြမ်း၊ ၂၀၁၀ခုနှစ် ဧပြီ ၁၅ရက် (သင်္ကြန် အကြတ်နေ့) ရန်ကုန်မြို့ X_2O သင်္ကြန်မဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံများ၊ X_2O သင်္ကြန်မဏ္ဍပ်ရှေ့ ပေါက်ကွဲသည့် လက်ပစ်ဗုံးနှင့် မပေါက်ကွဲသည့် အဝေးထိန်းဗုံး၊ ၂၀၁၀ဧပြီ ၁၅ရက် (သင်္ကြန်အကြတ်နေ့) ရန်ကုန်မြို့ X_2O သင်္ကြန်မဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုကျူးလွန်သူ အကြမ်းဖက်သမားများနှင့် ဆက်စပ်မှုအခြေပြဇယားနှင့် အကြမ်းဖက်သမားများ၏ ကိုယ်ရေးအကျဉ်းတို့ကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

သံတမန်များ၊ သတင်းစာဆရာများနှင့် ဖိတ်ကြားထားသူများ ခန်းမအတွင်း ခင်းကျင်းပြသထားသော ဗုံးပေါက်ကွဲမှု ကျူးလွန်သူ အကြမ်းဖက်သမားများနှင့် ဆက်စပ်မှု အခြေပြဇယားနှင့် အကြမ်းဖက်သမားများ၏ ကိုယ်ရေးအကျဉ်းတို့ကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၇-၅-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၅၀ ၅။ မဟာဂီတ ချိုကြည်မြ
၅:၀၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ပျားတို့လောက** (အပိုင်း-၂)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ **ရွှေ** ဟာသဇာတ်လမ်းတွဲ **ကွင်းပြန်** မေတ္တာ၊ ပေါ်လေး၊ ဝင်းသပြေထွန်း၊ ဥမ်းပုံ (ဒါရိုက်တာ-မိုးဇော်ကို)
၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၇)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသော သီချင်းများ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၄၄)
၂၄။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၁၀ခုနှစ် မေလအတွက်

(၉-၅-၂၀၁၀)ရက်နေ့
နှင့်
(၃၀-၅-၂၀၁၀)ရက်နေ့

ဒဂုံမြို့နယ် အလက(၂) အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၆

အလက(၂)ဒဂုံ (ယခင် မင်းမနိုင်အလယ်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ယူခဲ့ကြသည့် ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား ကျောင်းသားဟောင်းများက (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂၃ ရက် (တနင်္ဂနွေနေ့) တွင် အလက(၂)ဒဂုံ၌ ကျင်းပရန် စီစဉ်ထားသည်။

လျှုဒါန်းနိုင်

အာစရိယပူဇော်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသူများနှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဖုန်း-၃၇၉၀၇၈၊ ကိုနိုင်ဦး (သီတဂူ) ဖုန်း-၀၉-၅၅၅၁၅၅၅၊ ၅၉၀၅၉၀၊ ကိုသန်းဝင်း ဖုန်း-၀၉-၅၀၈၀၀၁၆၁၊ ၃၈၂၂၃၅၊ ကိုစောဉာဏ်လင်းထက် ဖုန်း-၃၈၈၀၉၈၊ ကိုခင်မောင်သန်း ဖုန်း-၀၉-၈၀၃၂၅၀၅၊ ဒေါ်ခင်စုစုကြည် ဖုန်း-၃၇၄၀၈၅၊ ဒေါ်ခင်အေးမူ ဖုန်း-၃၇၄၁၂၃ (ကျောင်းချိန်)နှင့် ကိုတင်အေး ဖုန်း-၃၉၅၁၈၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ ***(မြန်မာ့အလင်း)***

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများနင်းမိသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၆

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မုန်းမြို့ စည်ပင်သာကျေးရွာနေ မကြည်ကြည်ဝင်းသည် အဖော်နှစ်ဦးနှင့်အတူ မေ ၄ရက် နံနက် ၈နာရီခန့်တွင် ရွာအနီး ဟင်းသီး ဟင်းရွက်ခူးရန် သွားရောက်စဉ် သောင်းကျန်းသူများထောင်ထားသည့် ဒေသန္တရနင်းမိုင်း တစ်လုံးနင်းမိပေါက်ကွဲသဖြင့် ညာလက်မောင်းအထက် ပွန်းပဲ့ဒဏ်ရာနှင့် ညာပေါင် အစမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ မကြည်ကြည်ဝင်းအား မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

ဒဏ်ရာရရှိ

အလားတူ နံနက် ၁၀နာရီခန့်တွင် မုန်းမြို့ ကော့ပြင်းကျေးရွာနေ မောင်ခွာကြီးသည် အဖော်လေးဦးနှင့်အတူ ဝါးခုတ်ရန်သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းတစ်လုံး နင်းမိခဲ့သဖြင့် ညာဒူးအောက်ပြတ်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာအား မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၅-၂၀၁၀
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၂၅ ၈။ ပျော်ဘွယ် ချည်မျှင်စက်ရုံ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၄:၁၅ ၃။ အတီးပြိုင်ပွဲ
၄:၂၅ ၄။ နှောင်းခေတ်တေးပဒေသာ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး တေးများ
၅:၀၀ ၇။ မြန်မာစာ မြန်မာစကား
၅:၁၅ ၈။ တေးဂီတအစီအစဉ်
၅:၃၀ ၉။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၃၂)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၁၃)
၁၈။ သီချင်းချစ်သူ (အိမ့်ချစ်)
၁၉။ အစီအစဉ်ပြီး၏။

ဘုရားကျောင်းကန် ခြွင်းမချန် မီးရန်သတိထားပါ

တောင်ပိုင်းဒေသများ၌ နေ့အပူချိန်လျော့နည်းလာဖွယ်ရှိ

နေပြည်တော် မေ ၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပြီး ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မင်းဘူးမြို့တွင် ၂ ဒသမ ၄၈ လက်မနှင့် လောင်းလုံမြို့တွင် ၁ ဒသမ ၈၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၇ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး တနင်္သာရီတိုင်းတွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ၊ ညနေပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ၊ ညနေပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲနှင့်ညနေပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စာမျက်နှာ ၃ မှ

လမ်းညွှန်တွေချပေးပြီး လေ့ကျင့်သွားခိုင်းတာမျိုးလည်း လုပ်ပေးခဲ့ပါတယ်။ ၁-၁-၂၀၁၀ရက်နေ့မှာ သီဟဇော်(ခ) သူရဇော်(ခ) သိန်းထိုက်နဲ့ အောင်ကြီး(ခ)အုန်းကျော်ဌေးတို့ မဲဆောက်ကနေ ထွက်လာကြပြီး ငှားထားတဲ့ စမ်းချောင်းအိမ်မှာ ၂-၁-၂၀၁၀ရက်နေ့မှ ၁၆-၁-၂၀၁၀ရက်နေ့အထိ ဧည့်စာရင်းတိုင်ပြီး နေထိုင်ခဲ့ကြတယ်လို့ ထွက်ဆိုချက်များနဲ့ မှတ်တမ်းအထောက်အထားများအရ ဖော်ထုတ်သိရှိရပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

သီဟဇော်(ခ)သူရဇော်နဲ့ အောင်ကြီး(ခ)အုန်းကျော်ဌေးတို့ဟာ ငှားထားတဲ့ စမ်းချောင်းအိမ်မှာ နှစ်ပတ်ခန့်နေပြီး သီဟဇော်(ခ) သူရဇော်က အောင်ကြီး(ခ)အုန်းကျော်ဌေးနေဖို့ လုံခြုံတဲ့နေအိမ်ကို ဆက်လက်ရှာဖွေခဲ့ပါတယ်။ သီဟဇော်(ခ)သူရဇော်ဟာ သူ့မိတ်ဆွေတွေရဲ့ အကူအညီနဲ့ သန်လျင်မြို့ သမဝါယမကောလိပ်လမ်း ညောင်သုံးပင်ဘုတာရုံ အလံချိုး ဝန်ထမ်းဦးမြသောင်းရဲ့နေအိမ်ကို တွေ့ရှိငှားရမ်းခဲ့ပြီး အောင်ကြီး (ခ)အုန်းကျော်ဌေးကို နေထိုင်စေခဲ့ပါတယ်။ အောင်ကြီး(ခ)အုန်းကျော်ဌေးဟာ အဲ့ဒီအိမ်မှာနေထိုင်စဉ် ဦးမြသောင်း မကျန်းမာလို့ ခေတ္တလာရောက်ပြုစုပေးနေတဲ့ ဦးမြသောင်းရဲ့တူမ ရီရီမြင့် (၃၂)နှစ်နဲ့တွေ့ဆုံပြီး ၆-၂-၂၀၁၀ရက်နေ့မှာ လက်ထပ်ပေါင်းသင်းခဲ့ပါတယ်။ အဲဒီနောက် ရီရီမြင့် မိခင် ဒေါ်မြသန်းရဲ့နေအိမ်ဖြစ်တဲ့ သန်လျင်မြို့ အမှုထမ်းရပ်ကွက် အမှတ် (၁၉) သဇင်မြိုင်လမ်း နေအိမ်မှာ အသိအမှတ်ပြု မင်္ဂလာဆွမ်းကျွေးပြီး ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ အုန်းကျော်ဌေးဟာ ဇနီးဖြစ်သူ ရီရီမြင့်ကို သူဟာ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပြီး တောင်တွင်းကြီးမြို့နယ် ခြေဆေးအိုင်ရွာ ဇာတိဖြစ်တယ်ဆိုပြီး လိမ်လည်ပြောဆိုထားပြီး မည်သည့်အချက်အလက် မှတ်တမ်းဓာတ်ပုံ အထောက်အထားမှ မရှိအောင်ကို ပိရိစွာ Cover Story လုပ်ပြီး နေထိုင်ခဲ့သူ ဖြစ်ပါတယ်။ အုန်းကျော်ဌေးဟာ ဇန်နဝါရီလကုန်ပိုင်းလောက်မှာ ရက် ၂၀ခန့် ခရီးထွက်ပြီးနောက်ပိုင်းမှာ မြို့တွင်းကို နေ့ချင်းပြန်သွားတာ တွေ့ရှိကြောင်း၊ ပတ်ဝန်းကျင်နှင့် ရောနှောမှုမရှိ ပိပိရိရိနဲ့ သီးခြားနေတတ်ကြောင်း၊ ဖုန်းပြောဆိုသည့်အခါတွင်ပင် လူများနှင့်ဝေးရာ တစ်နေရာသို့ ရှောင်ထွက်ပြီးမှ ပြောဆိုတတ်ကြောင်း စသည်ဖြင့် ဇနီးသည် ရီရီမြင့်ရဲ့ ထွက်ဆိုချက်တွေအရ သိရှိရပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

၂၀၁၀ ခုနှစ် ဧပြီလ ပထမပတ်အတွင်းမှာ ဖြိုးဝေအောင်ကို သီဟဇော်က On Line ပေါ်မှာ အဆက်အသွယ်ပြုပြီး လက်ကိုင်ဖုန်းဖြင့် ဖောက်ခွဲမှုကျွမ်းကျင်တဲ့ မျိုးအေး (ခ)စိုးမိုး ပြည်တွင်းကို စေလွှတ်လိုက်ကြောင်း၊ ၂၀၀၉ခုနှစ် နိုဝင်ဘာလအတွင်း ဖြိုးဝေအောင် မဲဆောက်သို့ ဒုတိယအကြိမ် ရောက်ရှိစဉ်က ရဲသီဟ(ခ)စန်းနိုင်ရဲ့ ရှေ့မှောက်မှာ တယ်လီဖုန်းနဲ့ မိုင်းခွဲတဲ့စနစ်ကို မျိုးအေး(ခ)စိုးမိုးနဲ့ စမ်းသပ်ကြည့်ခဲ့စဉ် အောင်မြင်ခြင်းမရှိတာကို ယခုအောင်မြင်သွားပြီဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ ဖော်ထုတ်သိရပါတယ်။ ဖြိုးဝေအောင် မဲဆောက်ကိုရောက်စဉ်က ရဲသီဟ (ခ)သူရ (ခ)စန်းနိုင်က တယ်လီဖုန်းနဲ့ ဗုံးခွဲတဲ့စနစ်လို့ Video နဲ့ပြပြီး လျှပ်စစ်စွမ်းအားဘွဲ့နဲ့ ကျောင်းပြီးခဲ့တဲ့ ဖြိုးဝေအောင်ကို ဖောက်ခွဲရေးနည်းပြ မျိုးအေး(ခ)စိုးမိုးနဲ့တွဲဖက်ပြီး စမ်းသပ်စေခဲ့ရာမှာ အဲဒီတုန်းက မအောင်မြင်ခဲ့တာကို သီဟဇော်က ပြန်လည်ရည်ညွှန်း ပြောဆိုခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ဧပြီလ ၁၀ရက်နေ့ On Line ပေါ်မှာ သီဟဇော်က ဖြိုးဝေအောင်နဲ့ ထပ်မံဆက်သွယ်ပြီး -

"ငှင်းတို့ ရန်ကုန်ရောက်နေပြီဖြစ်ကြောင်း၊

ဖောက်ခွဲရေးစီမံချက်ကို အဆင့်(၂) ဆင့်ဖြင့် လုပ်မည်ဖြစ်ကြောင်း၊

ပထမအဆင့်အနေဖြင့် လက်ပစ်ဗုံးပစ်သွင်းပြီး လူစုခွဲ၍ ဒုတိယအဆင့်အနေဖြင့် လုံခြုံရေးတာဝန်ရှိတဲ့သူတွေ အခင်းဖြစ်ရပ်ကို ဝင်ရောက်လာတဲ့အခါ မျိုးအေး(ခ)စိုးမိုးက လက်ကိုင်ဖုန်းနဲ့ ထပ်ခွဲမည်ဖြစ်ကြောင်း၊

ဖောက်ခွဲရေးအတွက် X_2O မဏ္ဍာပ်ကိုရွေးကြောင်း၊

ဖြိုးဝေအောင်က လုံခြုံရေးအဖွဲ့တွေကို စောင့်ကြည့်ပေးရမယ့် တာဝန်ယူရန်ရှိကြောင်း၊

ဧပြီ ၁၅ရက်နေ့ မွန်းတည့် ၁၂နာရီတွင် ဆုံရပ်မဏ္ဍာပ်ရှေ့ဟု သတ်မှတ်ကြောင်းနဲ့ အချင်းချင်းစကားပြောရန်မလိုဘဲ အချက်ပြ ဆက်သွယ်ရန်ဖြစ်ကြောင်း၊

လုပ်ငန်းဆောင်ရွက်ပြီးက ဆုံရပ်အဖြစ် တာမွေမြို့နယ် ယုဇနပလာဇာရှေ့ဟု ဆက်သွယ်သတ်မှတ်ပေးခဲ့ကြောင်း" သိရပါတယ်။

သတင်းစာရှင်းလင်းပွဲတွင် ပြသထားသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ X_2O (တန်ခူးလေ) မဏ္ဍာပ်ရှေ့တွင် နေရာယူ ဗုံးပေါက်ကွဲမှု အခြေအနေပြမြေပုံကြမ်း၊ ဗုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံများ၊ ပေါက်ကွဲသည့် လက်ပစ်ဗုံးနှင့် မပေါက်ကွဲသည့် အဝေးထိန်းဗုံး၊ ပေါက်ကွဲမှုတွင် ကျူးလွန်သူ အကြမ်းဖက်သမားများနှင့် ဆက်စပ်မှုအခြေပြဇယားနှင့် အကြမ်းဖက်သမားများ၏ ကိုယ်ရေးအကျဉ်းမှတ်တမ်းတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)



သတင်းစာရှင်းလင်းပွဲတွင် ပြသထားသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ X_2O (တန်ခူးလေ) မဏ္ဍာပ်ရှေ့တွင် နေရာယူ ဗုံးပေါက်ကွဲမှု အခြေအနေပြမြေပုံကြမ်း၊ ဗုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံများ၊ ပေါက်ကွဲသည့် လက်ပစ်ဗုံးနှင့် မပေါက်ကွဲသည့် အဝေးထိန်းဗုံး၊ ပေါက်ကွဲမှုတွင် ကျူးလွန်သူ အကြမ်းဖက်သမားများနှင့် ဆက်စပ်မှု အခြေပြဇယားနှင့် အကြမ်းဖက်သမားများ၏ ကိုယ်ရေးအကျဉ်း မှတ်တမ်းတို့ကို တွေ့ရစဉ်။

(သတင်းစဉ်)



သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ဖောက်ခွဲမှုပြုလုပ်မယ့် ဧပြီ ၁၅ ရက်နေ့ မွန်းလွဲ ၁နာရီ မိနစ် ၂၀ခန့်မှာ ဖြိုးဝေအောင်ဟာ မဏ္ဍာပ်ရှေ့ ကရဝိက်ဝင်ပေါက်အနီး လမ်းဆုံ၌စောင့်ဆိုင်းနေခဲ့ပါတယ်။ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်မှာ သီဟဇော်(ခ)သူရဇော်ဟာ ဂျင်းဘောင်းဘီအပြာ၊ အောက်ခံပန်းရောင်၊ အပေါ်ခံအနီစင်းပါ စပို့ရှပ်လက်ရှည်၊ အစိမ်းပုပ်ရောင် ဂျင်းလျှာထိုးဦးထုပ်၊ နေကာမျက်မှန်အနက်ရောင်နဲ့ ဘေးလွယ်အိတ် အစိမ်းရောင် လွယ်ထားပြီး ဆုံရပ်နေရာကို ဝင်ရောက်လာပါတယ်။ အောင်ကြီး(ခ)အုန်းကျော်ဌေးက ဂျင်းလက်ရှည်အပြာရောင်၊ ဂျင်းဘောင်းဘီ အရောင်ဖျော့၊ ဘေးလွယ်အိတ်မှိုတက်ဂျင်းရောင်နဲ့ ဝင်ရောက်လာပြီး မျိုးအေး(ခ)စိုးမိုးက တီရှပ်လက်တိုအနီရောင်၊ ဂျင်းဘောင်းဘီ ရှည်အပြာရောင်၊ ဖြူနီကျားလျှာထိုးဦးထုပ်ဝတ်ဆင်ပြီး ဖုန်းထည့်ထားသည့် ရေစိုခံအိတ်အပြာ လည်ပင်းတွင်ဆွဲထားပြီး ဆုံရပ်ကို ဝင်ရောက်လာပါတယ်။

X_2O သင်္ကြန်မဏ္ဍာပ်အနေနဲ့ မွန်းတည့် ၁၂ နာရီခန့်မှာ ထမင်းစားရပ်နားထားလို့ လူပါးနေသော်လည်း မွန်းလွဲ ၁ နာရီခွဲလောက်မှာ DJ စက်တွေဖွင့်၊ သင်္ကြန်အကတွေစပြီး မဏ္ဍာပ်ပေါ်က လင်ကွန်းကုမ္ပဏီက ဆေးလိပ်တွေဝေနေတာကြောင့် လူတွေရုတ်ရုတ်သဲသဲနဲ့ ပြန်လည်စည်ကားလာချိန်ဖြစ်ပါတယ်။

ဖြိုးဝေအောင်(ခ)သက်ခိုင်ဟာ သူ့ရဲ့မူလတာဝန်အတိုင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားလာလှုပ်ရှားမှုများကို စောင့်ကြည့်လေ့လာ ပေးရပါတယ်။ မွန်းလွဲ ၃ နာရီခန့်မှာ ဖြိုးဝေအောင်ဟာ ကရဝိက်ဝင်ပေါက်လမ်းမထိပ်မှာရပ်နေပြီး ဖြိုးဝေအောင်ရဲ့ရှေ့ ငါးပေခန့် အကွာ ဘယ်ဘက်တွင် အောင်ကြီး(ခ)အုန်းကျော်ဌေး၊ ညာဘက် ငါးပေခန့်အကွာမှာ သီဟဇော်(ခ)သူရဇော်တို့နှစ်ဦး အသီးသီးနေရာယူ ထားခဲ့ကြပါတယ်။ မျိုးအေး(ခ)စိုးမိုးကတော့ ဘယ်ဘက်ကိုက် ၁၀၀ ခန့်အကွာ ကရဝိက်ဝင်ပေါက်ရှေ့ လမ်းဆုံနားမှာ နေရာယူ ထားခဲ့ကြတယ်လို့ သိရပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ဖောက်ခွဲရေးသမားအုပ်စုဟာ ဖောက်ခွဲရေးလုပ်ဖို့ နေရာယူပြီးကြတဲ့အချိန်မှာ သင်္ကြန်မဏ္ဍာပ်ရှေ့မှာပဲ အပြစ်မဲ့ပြည်သူတွေဟာ ကျရောက်တော့မယ့် အန္တရာယ်ဆိုးကြီးကို မသိကြဘဲ ပျော်ရွှင်စွာရေပက်ကစားပြီး အထူးစည်ကားများပြားလာပြီဖြစ်ကြောင်း သိရပါတယ်။ အဲဒီအချိန်မှာ အောင်ကြီး(ခ)အုန်းကျော်ဌေးက ဘေးလွယ်အိတ်ထဲက အမည်းရောင် လက်ပစ်ဗုံးကိုထုတ်ယူကာ လုံခြုံရေးပင်ဖြုတ်ပြီး လူအုပ်အားကျော်၍ မဏ္ဍာပ်ဘက်သို့ ညာလက်ဖြင့် ပစ်ပေါက်ခဲ့ပါတယ်။

ဆက်တိုက်ဆိုသလို သီဟဇော်(ခ)သူရဇော်ကလည်း ဘေးလွယ်အိတ်အတွင်းက လက်ပစ်ဗုံးကိုထုတ်ပြီး ညာလက်ဖြင့် မဏ္ဍာပ်ရှေ့သို့ ထပ်မံပစ်ပေါက်ခဲ့ပါတယ်။ လက်ပစ်ဗုံးပေါက်ကွဲသံများ ရှေ့ဆင့်နောက်ဆင့်ကြားရပါတယ်။

အုန်းကျော်ဌေးက ဘေးလွယ်အိတ်ထဲက လက်ပစ်ဗုံးကိုနှိုက်ယူပြီး တတိယအကြိမ် ပစ်ပေါက်ခဲ့ပါတယ်။ လက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် ပြည်သူတွေက အံ့သြထိတ်လန့်စိတ်တွေနဲ့ ငိုယိုအော်ဟစ်ပြီး ဦးတည်ရာမဲ့ပြေးလွှားလာနေကြလို့ ရုတ်ရုတ်သဲသဲ ဖရိုဖရဲ ဖြစ်လာပါတယ်။ ဒါကြောင့် ဖြိုးဝေအောင်ဟာ ဆက်မစောင့်တော့ဘဲ (၁၂၃)လမ်းဘက်သို့ ဦးတည်ဆုတ်ခွာခဲ့ကြောင်း သိရပါတယ်။ မျိုးအေး(ခ)စိုးမိုးမှာ တယ်လီဖုန်းဖြင့် အဝေးထိန်း ဗုံးခွဲမည့် တာဝန်ယူထားသူဖြစ်သော်လည်း အောင်မြင်အောင် ဆောင်ရွက်နိုင်မှုမရှိခဲ့ကြောင်း ဖော်ထုတ်သိရပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ဒီဖြစ်စဉ်မှာ အကြမ်းဖက်သမားတွေရဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် တိုက်ခိုက်မှုဟာ ရက်စက်လွန်းလှပါတယ်။ ပထမအဆင့်မှာပဲ ပေါက်ကွဲအားပြင်းတဲ့ လက်ပစ်ဗုံး သုံးလုံးကို လူအုပ်ထဲပစ်ထည့်ဖောက်ခွဲပစ်လိုက်တာဖြစ်ပါတယ်။ အဲဒီလို ပစ်ခတ်ပြီးနောက် လူတွေရုတ်ရုတ်သဲသဲဖြစ်နေချိန်မှာ ဒုတိယအဆင့်အဖြစ် ပေါက်ကွဲအား အလွန်ပြင်းထန်တဲ့ (.၇၅)ပေါင်ရှိတဲ့ C-4 အမျိုးအစား ယမ်းပြင်းကို မြန်မာဘီယာဘူးခွံထဲမှာထည့်ပြီး လျှပ်စစ်ဒီတိုနေတာနှစ်ခုကို ဝိုင်ယာကြိုးများနဲ့ဆက်ပြီး Prepaid Card ပါ နိုကီယာအမျိုးအစား GSM ဖုန်းတစ်လုံးနဲ့ တွဲဖက်၊ အဲဒီဖုန်းရဲ့အပြင်မှာ အပိုအားဖြည့်ထားတဲ့ လစ်သီယမ် ဓာတ်ခဲပြား (၁)ပြားကိုပါ တွဲဖက်ထားလို့ အဲဒီဖုန်းနံပါတ်ကို ခေါ်လိုက်ရင် ပေါက်ကွဲသွားနိုင်အောင် အဆင့်မြင့်ဖောက်ခွဲနည်းစနစ်ကို အသုံးပြုထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ပထမဆုံးအကြိမ် အသုံးပြုတဲ့ စနစ်တစ်ခုဖြစ်ပါတယ်။ အကြောင်းတစ်ခုခုကြောင့် ပေါက်ကွဲမှုမဖြစ်ခဲ့တာဖြစ်ပြီး ပေါက်ကွဲခဲ့မယ်ဆိုရင် မူလကဒဏ်ရာရနေသူတွေကို ကူညီကယ်ဆယ်နေတဲ့ အပြစ်မဲ့

စာမျက်နှာ ၇ ကော်လံ ၁

7-5 (06).pmd 1 5/7/2010, 2:37 AM

စာမျက်နှာ ၆ မှ

ပြည်သူတွေများစွာ နောက်ထပ်သေဆုံး ဒဏ်ရာရမှုတွေ ဖြစ်ဦးမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလုပ်ရပ်ဟာ အပြစ်မဲ့ပြည်သူတွေကို တုန်လှုပ် ချောက်ချားစေရုံလောက်သာ မဟုတ်တော့ဘဲ အများအပြား သေကျေစေလိုတဲ့ဘက်ကို ဦးတည်ဆောင်ရွက်တဲ့ လုပ်ရပ်လို့ သုံးသပ်ရရှိပါကြောင်း ပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ဝမ်းနည်းဖွယ် ဒီပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပြီးတဲ့နောက် နှစ်ရက်အကြာ ဧပြီလ ၁၇ရက်နေ့မှာ သီဟဇော်(ခ)သူရဇော်က G-mail နဲ့ ဖြိုးဝေအောင်ကို ဆက်သွယ်ပြီး "အဲလီ အိမ်ကို မဖြစ်မနေလာခဲ့ဖို့ ဖြိုးဝေအောင်အတွက် စိတ်မချဘူး၊ လာဖြစ်အောင်လာပါ" လို့ ဆက်သွယ်မှုပြုခဲ့ပါတယ်။ စိစစ်ဖော်ထုတ်ချက်အရ အဲလီဆိုတာ VBSW ခေါင်းဆောင် ရဲသီဟ(ခ) သူရ(ခ) စန်းနိုင်အိမ်က ခွေးတစ်ကောင်ရဲ့ အမည်ကို စကားဝှက်ပြုပြီး ဆက်သွယ်ခဲ့တာဖြစ်လို့ ဖောက်ခွဲရေးအုပ်စုအချို့ဟာ တစ်ဖက်နိုင်ငံကို ပြေးဝင်ခိုလှုံ တိမ်းရှောင်နိုင်ဖွယ်ရှိကြောင်း အကြမ်းဖျင်းဖော်ထုတ်ရရှိတင်ပြအပ်ပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ဖြစ်စဉ်ကို ပြန်ချုပ်ရရင် တင်ပြပြီးဖြစ်တဲ့အတိုင်း ဧပြီလ ၁၅ရက်နေ့ ရန်ကုန် X_2O သင်္ကြန်မဏ္ဍပ် ပေါက်ကွဲမှုမှာ မြေပြင်မှာ လုပ်ဆောင်သွားသူတွေအနေနဲ့ VBSW အဖွဲ့ခေါင်းဆောင် ရဲသီဟ(ခ)သူရ(ခ)စန်းနိုင်က ဦးဆောင်အစီအမံပြုလုပ်ပေးပြီး VBSW အဖွဲ့ဝင်တွေဖြစ်တဲ့ သီဟဇော်(ခ)သူရဇော်(ခ)ဇော်ထက်(ခ)ဗိုလ်သူ(ခ)သိန်းထိုက် ဆိုသူက အနီးကပ်ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပါတယ်။ အခင်းဖြစ်ရပ်မှာ လက်ပစ်ဗုံး ပစ်ပေါက်သူ နှစ်ဦးက သီဟဇော်(ခ)သူရဇော်နဲ့ အောင်ကြီး(ခ) အုန်းကျော်ဌေးတို့ ဖြစ်ပါတယ်။ ဒုတိယအဆင့် လက်ကိုင်ဖုန်းကို အသုံးပြုပြီး အဝေးကနေ ဖောက်ခွဲမှု ပြုလုပ်မယ့်သူက ဖောက်ခွဲရေးနည်းပြ မျိုးအေး(ခ)စိုးမိုးဖြစ်ပြီး အကြောင်းတစ်ခုခုကြောင့် အချိန်မီမဖောက်ခွဲလိုက်နိုင်တာ ဖြစ်ပါတယ်။ ဖြိုးဝေအောင်(ခ) သက်ခိုင်ဟာ ပြည်တွင်းမှာ ဖောက်ခွဲရေးပစ္စည်းထားဖို့နေရာရှာ ဆက်စပ်ပေးရေး၊ အခင်းဖြစ်ရပ်မှာ သူတို့ဖောက်ခွဲရေးအဖွဲ့ဝင်တွေ ချောချောမောမော အလုပ်လုပ်နိုင်အောင် လုံခြုံရေးစောင့်ကြည့် တာဝန်ယူရေးနဲ့ ပြည်တွင်းမှာ ဆက်လက်မြှုပ်နှံနေထိုင်ခဲ့ပြီး အနာဂတ်မှာ အကြမ်းဖက်လုပ်ရပ်မျိုးစုံကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း စစ်ကြောချက်တွေအရ ဖော်ထုတ်သုံးသပ်တွေ့ရှိရကြောင်း ပြောကြားလိုပါတယ်။

ဒါ့ပြင် ဆက်စပ်ဖော်ထုတ်ချက်တွေအရ ၁၄-၁-၂၀၁၀ရက်နေ့ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၁၄/၃ ရပ်ကွက် ချယ်ရီဥယျာဉ်အိမ်ရာ(၁)လမ်းရှိ အိမ်တစ်အိမ်ရဲ့ ခြံဝင်းထဲမှာ ချိန်ကိုက်ဗုံးတစ်လုံးထည့်ထားတဲ့ ကလေးကစားစရာအရုပ်တစ်ခုကို ပြင်ပက ပစ်သွင်းခဲ့လို့ သိမ်းဆည်းရမိတဲ့ဖြစ်စဉ်၊ ၈-၄-၂၀၁၀ ရက်နေ့က ပဲခူးမြို့ (၃)ရပ်ကွက် လူမနေတဲ့ခြံဝင်းထဲက ကွင်းထိုးဖိနပ် အောက်ခံသားရေလွှာကို လှီးပြီးထည့်ထားတဲ့ C-4 ယမ်းနဲ့ ဒီတိုနေတာ သိမ်းဆည်းရမိတဲ့ ဖြစ်စဉ်တွေမှာလည်း သီဟဇော်(ခ) သူရဇော်တို့အဖွဲ့ရဲ့လက်ချက်လို့ ဖော်ထုတ်သိရကြောင်း ဖြည့်စွက်အသိပေးလိုပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ဒီဖြစ်စဉ်မှာ ရှေ့တန်းကျကျ ဆောင်ရွက်ခဲ့သူတွေကို ဖော်ထုတ်တင်ပြပြီးနောက်မှာ နောက်ကွယ်က ကြိုးကိုင်သူ အဖွဲ့အစည်းတွေကို ထွင်းဖောက်လေ့လာကြည့်မယ်ဆိုရင် VBSW ရဲ့ ဆရာက ABSDF၊ ABSDF ရဲ့ အုပ်ထိန်းသူက DAB၊ DAB ရဲ့ God Father က NCUB ဖြစ်နေပြီး NCUB ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသူက KNU က ဆိုတာကြောင့် ဒီဖြစ်စဉ်မှာ နောက်ကွယ်က ဘယ်သူတွေက အထောက်အပံ့ပြု ကြိုးကိုင်နေတယ်ဆိုတာလည်း ထင်ရှားလှပါကြောင်း ပြောကြားလိုပါတယ်။ တစ်ခါ အဲဒီအဖွဲ့အစည်းတွေဟာ ဘယ်လိုမူဝါဒတွေပေါ် အခြေခံပြီး ဒီလိုဆောင်ရွက်ရတယ်ဆိုတာကို ပြန်စိစစ်ကြည့်ရင်လည်း တည်ငြိမ်အေးချမ်းမှုပျက်အောင်၊ ပြည်သူတွေထိတ်လန့်အောင်နဲ့

စာမျက်နှာ ၁၂ ကော်လံ ၁



သတင်းစာရှင်းလင်းပွဲတွင် ပြသထားသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ X_2O (တန်ခူးလေ) မဏ္ဍပ်ရှေ့တွင် နေရာယူ ဗုံးပေါက်ကွဲမှု အခြေအနေပြမြေပုံကြမ်း၊ ဗုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံများ၊ ပေါက်ကွဲသည့် လက်ပစ်ဗုံးနှင့် မပေါက်ကွဲသည့် အဝေးထိန်းဗုံး၊ ပေါက်ကွဲမှုတွင် ကျူးလွန်သူ အကြမ်းဖက်သမားများနှင့် ဆက်စပ်မှု အခြေပြဇယားနှင့် အကြမ်းဖက်သမားများ၏ ကိုယ်ရေးအကျဉ်းမှတ်တမ်းတို့ကို တွေ့ရစဉ်။

(သတင်းစဉ်)



ရန်ကုန်မြို့ X_2O သင်္ကြန်မဏ္ဍပ်ဖောက်ခွဲရေးဖြစ်စဉ်ကို ကြည့်မယ်ဆိုရင် အကြမ်းဖက် အဖျက်သမားတွေဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ပြည်သူတွေ တုန်လှုပ်ချောက်ချားအောင်နဲ့ နောက်ဆုံးမှာ ၂၀၁၀ ရွေးကောက်ပွဲကြီး ပျက်ပြားသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်ပေါ်မှာအခြေခံပြီး နိုင်ငံပိုင်အဆောက်အအုံတွေ၊ လမ်းတံတားတွေ၊ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်တွေ၊ အိုးအိမ်စည်းစိမ်တွေ ဘယ်လိုပဲ ထိခိုက်ပျက်စီးပါစေ ထည့်သွင်းစဉ်းစားတော့မှာ မဟုတ်ဘဲ ထင်ရာစိုင်းတဲ့ အဖျက်သမား လူသတ်ဝါဒကို ဆက်လက်ဆောင်ရွက်နေဦးမှာဖြစ်တယ်ဆိုတာ သိသာထင်ရှားလှပါတယ်။ ဒါကြောင့် မိဘပြည်သူအပေါင်းဟာ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ ဒီလုပ်ရပ်ဆိုးတွေကို အောင်မြင်စွာတွန်းလှန်ဖယ်ရှားသွားနိုင်မှာဖြစ်။

သတင်းစာရှင်းလင်းပွဲတွင် ပြသထားသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ X_2O (တန်ခူးလေ) မဏ္ဍပ်ရှေ့တွင် နေရာယူ ဗုံးပေါက်ကွဲမှု အခြေအနေပြမြေပုံကြမ်း၊ ဗုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံများ၊ ပေါက်ကွဲသည့် လက်ပစ်ဗုံးနှင့် မပေါက်ကွဲသည့် အဝေးထိန်းဗုံး၊ ပေါက်ကွဲမှုတွင် ကျူးလွန်သူ အကြမ်းဖက်သမားများနှင့်ဆက်စပ်မှု အခြေပြဇယားနှင့် အကြမ်းဖက်သမားများ၏ ကိုယ်ရေးအကျဉ်းမှတ်တမ်းတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

7-5 (07).pmd 1 5/7/2010, 2:37 AM

သတင်းစကား၊ အကင်းပါးသောနား မမိုတ်သောမျက်စိ.... မလပ်သောသတိများဖြင့်

လေ့လာသူတစ်ဦး

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့သမိုင်းကို လေ့လာရင် ရောင်စုံသောင်းကျန်းသူတွေ၊ ပြည်ပြေးအကြမ်းဖက် အဖျက်သမားအုပ်စုတွေနဲ့ နိုင်ငံရေးပါတီအမည်ခံ အဖွဲ့အစည်း အချို့တွေဟာ နိုင်ငံရေး၊ စစ်ရေးချွတ်ခြုံကျလာရင်၊ ပြည်သူလူထုရဲ့ ထောက်ခံအားပေးမှုမရတော့ရင် ကြွက်မနိုင် ကျီမီးနဲ့ရှို့ဆိုသလို မိမိနိုင်ငံနဲ့ မိမိပြည်သူတွေကို အကြမ်းဖက်အဖျက်လုပ်ရပ်မျိုးစုံနဲ့ ဒုက္ခလှလှကြီး ပေးတော့တာပါပဲ။

ဒါဟာ သမိုင်းမှာ သက်သေထင်ရှား သာဓကများစွာ ရှိထားတဲ့ ဖြစ်ရပ်တွေပါ။ နေရာဌာနကာလနဲ့ အဖွဲ့အစည်းတွေသာ ပြောင်းရင်ပြောင်းသွားမယ်။ လုပ်နည်းလုပ်ဟန်တွေကတော့ ဒီပုတ်ထဲကဒီပဲ၊ အကြမ်းဖက် အဖျက်ဝဲဩဃထဲမှာ သံသရာလည်နေဆဲပဲ ဖြစ်တယ်။

အလံနီကွန်မြူနစ်တွေဟာ တပ်မတော်ရဲ့ ထိုးစစ်ကြောင့် ဆောက်တည်ရာမရဘဲ တစ်ပြေးတည်း ပြေးရဖန်များတော့ ဒေသခံလူထုကို အပြစ်ဖို့လာတယ်။ လူထုကလည်း သူတို့အကြောင်း ကောင်းကောင်းကြီးသိလာတော့ ပြန်ပြီးဆန့်ကျင်လာတယ်။ အဲဒီမှာ ပြည်သူလူထု၊ ပြည်သူလူထုဆိုပြီး အပြောကောင်းခဲ့တဲ့ အလံနီကွန်မြူနစ်တွေဟာ ပခုက္ကူမြို့နယ် ဆင်စွယ်ရွာက ရွာသားယောကျ်ား ၇၀ကျော်ကို ဖမ်းဆီးတုပ်နှောင်ပြီး တုတ်၊ ဓားတွေနဲ့ ရက်ရက်စက်စက် ထိုးခုတ်သတ်ဖြတ်ခဲ့တယ်။ ဆင်စွယ်ရွာကို နမူနာယူကြ၊ သူတို့ကို ဆန့်ကျင်ရင် တစ်ရွာလုံး မျိုးပြုတ်သွားမယ်ဆိုပြီး ဒေသခံပြည်သူတွေကို ခြိမ်းခြောက်ပြခဲ့တယ်။

အလံဖြူကွန်မြူနစ်ဆိုတဲ့ ဗကပကလည်း ထိုနည်းလည်းကောင်းပါပဲ။ စစ်အနိုင်တိုက်ရေး လမ်းစဉ်ချမှတ်ပြီး တိုက်တိုင်းအောင် တပ်တွေဖွဲ့၊ အာဏာနီတည်ဆောက်... လုပ်ခဲ့တယ်။ တိုက်တိုင်းရှုံးဖြစ်လာတော့ ပဲခူးတိုင်း ပေါက်ခေါင်းနယ်မြေမှာ နယ်မြေခံ တောင်သူလယ်သမားတွေနဲ့ ကျေးလက်ပြည်သူတွေကို အစိုးရဒေါက်တိုင်ဆိုပြီး တိုက်ခိုက်သတ်ဖြတ်ခဲ့တာ... အားလုံးအသိပါ။

မြေအောက် နိုင်ငံရေးပါတီ (သောင်းကျန်းသူအဖွဲ့)တွေရဲ့ လုပ်ရပ်နဲ့ ပြည်ပြေး နိုင်ငံရေး ပါတီ (ပြည်ပြေးသောင်းကျန်း သူအဖွဲ့) တွေရဲ့ လုပ်ရပ်ကို ဥပဒေဘောင်အတွင်း တရားဝင် ရပ်တည်နေတဲ့ မြေပေါ် နိုင်ငံ ရေးပါတီရဲ့ လုပ်ရပ်နဲ့ ပေါင်းစပ် ပြီး ပြည်သူလူထုကို နားလှည့် ပါးရိုက်လာတာ ခုဆို နှစ်ပေါင်း (၂၀)တောင် ကျော်လာခဲ့ပါပြီ။

KNU တို့၊ KNDO တို့ဆိုတာလည်း ရာဇဝင်လူဆိုးတွေပါပဲ။ မြစ်ဝကျွန်းပေါ်ဒေသမှာ ကျေးလက်ပြည်သူတွေကို အကြမ်းဖက် သတ်ဖြတ်ခဲ့ကြတယ်။ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခဲ့တယ်။ ခရီးသည်တင်မီးရထားတွေကို အကြိမ်ကြိမ် မိုင်းခွဲတိုက်ခိုက်ခဲ့လို့ ခရီးသွားပြည်သူတွေ ရာနဲ့ထောင်နဲ့ချီပြီး သေကျေပျက်စီးခဲ့ကြရတယ်။ နောက်ဆုံး အကြံကုန်ဂဠုန်ဆားချက် လုပ်ခဲ့သေးတယ်။ ရန်ကုန်မြို့တွင်းမှာ လောင်စာဆီတွေ အစုလိုက်အပြုံလိုက် လျှို့ဝှက်သိုလှောင်ပြီး တစ်မြို့လုံးကို မီးလောင်တိုက်သွင်းဖို့ ကြံစည်ခဲ့ပြန်တယ်။ သက်ဆိုင်ရာက အချိန်မီဖော်ထုတ် အရေးယူနိုင်ခဲ့လို့သာ တစ်မီး အေးခဲ့ရတာပါ။ နွေရာသီကျောင်းပိတ်လို့ မိဘရပ်ဌာနပြန်ကြတဲ့ တက္ကသိုလ်ကျောင်းသူလေးတွေကို ရထားမိုင်းခွဲဖမ်းဆီးပြီး တရုတ်ဖြူကူမင်တန် ကျူးကျော်ရေးသမားတွေဆီ ရောင်းစားခဲ့သူဟာ KNU ပါပဲ။

ရှမ်းပြည်နယ်ဘက်မှာ SSA - S က လက်သံပြောင်ခဲ့တယ်။ မီးသွေးကုန်းရွာ ရွာလုံးကျွတ် မီးရှို့တိုက်ခိုက်သတ်ဖြတ်မှု၊ ပန်တဝိရွာလုံးကျွတ် မီးရှို့တိုက်ခိုက်သတ်ဖြတ်မှုတွေကို တောထဲတောင်ထဲမှာ လက်ရဲဇက်ရဲ ကျူးလွန်ခဲ့တယ်။ ခရီးသည်တင်ကားတန်းကို ဓားပြတိုက် လုယက်ရုံမက ပါလာတဲ့အမျိုးသမီးတွေကို အစုလိုက် အပြုံလိုက် အဓမ္မပြုကျင့် စော်ကားခဲ့ကြတယ်။

ဒါဟာ ပါးစပ်က ဘုရား ဘုရား... လက်က ကားယားကားယားလုပ်တဲ့ လုပ်ရပ်မျိုးပါ။ အဲဒီသောင်းကျန်းသူ အဖျက်အုပ်စုမျိုးစုံဟာ ပစ္စည်းမဲ့တော်လှန်ရေး၊ ဒီမိုကရေစီထွန်းကားရေး၊ ပြည်သူလူထု လွတ်မြောက်ရေးဆိုတဲ့ စကားလုံးလှလှတွေသုံး၊ ပျားရည်စက်ကို ဓားသွားပေါ်တင်ပြီး နောက်ဆုံးမှာ ပြည်သူလူထုကို စတေးခဲ့ကြတာချည်းပါပဲ။ နှစ်ပေါင်း ၄၀ကျော် ကျောကော့အောင် ခံလာရတဲ့ တိုင်းရင်းသားပြည်သူတွေဟာ သောင်းကျန်းသူ ဆန့်ကျင်ရေး စိတ်ဓာတ်တွေ ကိန်းအောင်းလာခဲ့ကြတယ်။ သောင်းကျန်းသူ အဖျက်သမားမှန်သမျှကို ဆန့်ကျင်ချေမှုန်းခဲ့ကြတယ်။ ပြည်သူနဲ့တပ်မတော် လက်တွဲဆင်နွှဲတဲ့ ပြည်သူ့စစ် မဟာဗျူဟာဒဏ်ကို သောင်းကျန်းသူတွေ မခံမရပ်နိုင်ဖြစ်ခဲ့ကြတယ်။

ဒါကြောင့်မို့ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ အကြမ်းဖက် အဖျက်သမား နိုင်ငံရေးသမားတွေဟာ အချိုးပြောင်းပြီး မြေပေါ်မြေအောက်နဲ့ ပြည်ပဆက်စပ်ကျင့်သုံးတဲ့ နည်းဗျူဟာကို ချမှတ်လုပ်ဆောင်ခဲ့ကြတယ်။ ဗကပ၊ အလံနီ၊ KNU၊ SSA-S စတဲ့ သောင်းကျန်းသူတွေဟာ မြေအောက်နိုင်ငံရေးပါတီတွေအနေနဲ့ လက်နက်ကိုင် သောင်းကျန်းခဲ့ကြတယ်။ သူတို့ဟာ မြေပေါ်မှာ ကိုယ်စားပြုနိုင်ငံရေးပါတီဆိုတာကို မတည်ဆောက်နိုင်ခဲ့ကြဘူး။ တည်ဆောက်ဖို့ ကြိုးစားချိန်မှာ ပြည်သူလူထုကို လှည့်စားဖို့ အချိန်မရဖြစ်ခဲ့တယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ဦးနု၊ ဦးလောရုံတို့ရဲ့ ပြည်ပြေးအဖွဲ့ဆိုတာ ပေါ်ပေါက်ခဲ့တယ်။ အဲ့ဒီအဖွဲ့ကလည်း ယခင် နိုင်ငံရေးပါတီ တည်ရှိခဲ့ဖူးတဲ့ အရိပ်ကလွဲလို့ မြေပေါ်မှာ ကိုယ်စားပြုပါတီ မရှိခဲ့ဘူး။ ဒါပေမယ့် အဲ့ဒီအဖွဲ့ဟာ သူတို့ကို လိုလားကြိုးကိုင်မယ့် ပြည်ပနိုင်ငံကြီးအချို့နဲ့ အဆက်အသွယ်ရခဲ့တယ်။ နိုင်ငံတကာဆက်ဆံရေး ရခဲ့တယ်ဆိုပါတော့။ အဲ့ဒီမှာ ပြည်ပြေးအဖွဲ့ဟာ ဖောက်ခွဲဖျက်ဆီးရေးသမားတွေကို ပြည်ပ/နယ်စပ်မှာ လေ့ကျင့်ပေးပြီး ပြည်တွင်းကို စေလွှတ်ဖောက်ခွဲစေခဲ့တယ်။ ဒါပေမယ့် ပြည်သူလူထုက အကြမ်းဖက်အဖျက်လုပ်ရပ်ကို လုံးဝ ခေါင်းငုံ့မခံခဲ့ဘူး။ လက်သင့်လည်း မခံခဲ့ဘူး။ ဒီလိုနဲ့ နောက်ဆုံးမှာ အကြမ်းဖက် အဖျက်သမားတွေ ဝင်ရောက်ခြေမချရဲလောက်အောင် ပြည်သူလူထုက သက်ဆိုင်ရာအဖွဲ့တွေနဲ့ ပူးပေါင်းဖော်ထုတ် ချေမှုန်းနိုင်ခဲ့တယ်။

အထက်ဖော်ပြပါ မြေအောက် နိုင်ငံရေးပါတီ(သောင်းကျန်းသူအဖွဲ့)တွေရဲ့ လုပ်ရပ်နဲ့ ပြည်ပြေးနိုင်ငံရေးပါတီ (ပြည်ပြေးသောင်းကျန်းသူအဖွဲ့)တွေရဲ့ လုပ်ရပ်ကို ဥပဒေဘောင်အတွင်း တရားဝင်ရပ်တည်နေတဲ့ မြေပေါ်နိုင်ငံရေးပါတီရဲ့ လုပ်ရပ်နဲ့ ပေါင်းစပ်ပြီး ပြည်သူလူထုကို နားလှည့်ပါးရိုက်လာတာ ခုဆို နှစ်ပေါင်း(၂၀)တောင် ကျော်လာခဲ့ပါပြီ။

NLD (LA), NCGUB, DPNS, ABSDF, FTUB, NCUB စတဲ့ ပြည်ပြေးသောင်းကျန်းသူ အဖျက်သမားတွေ နှစ်ပေါင်း (၂၀)ကျော်အောင် အထင်ကရ ရပ်တည်နေတာဟာ အဲ့ဒီဖြစ်ရပ်ရဲ့ ထင်ရှားတဲ့သာဓကတွေပဲဖြစ်တယ်။ NLD(LA) ဆိုတာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဆိုတဲ့အဖွဲ့၊ NLD က ပြည်ပြေးတွေဖွဲ့ထားတဲ့ အဖွဲ့ဖြစ်တယ်။ NCGUB ဆိုတာ ယခင် အမျိုးသားဒီမိုကရေစီပါတီနဲ့ NLD က ပြည်ပြေးအမတ်တွေ ဖွဲ့ထားတဲ့အဖွဲ့ဖြစ်သလို DPNS ဆိုတာ ယခင် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက ပြည်ပြေးတွေဖွဲ့ထားတဲ့ အဖွဲ့တွေပါပဲ။ အဲဒီအဖွဲ့တွေဟာ ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်မူ ကိုယ့်ဝါဒနဲ့ ဒီမိုကရေစီအရေးကို လုပ်နေကြတာမဟုတ်ပါဘူး။ သူတို့အားလုံးဟာ မြေပေါ်မှာ ယနေ့အထိ တည်ရှိနေတဲ့ နာမည်ကျော် နိုင်ငံရေးပါတီတစ်ခုကို ထောက်ခံ

မိတ်ဆွေဟန်ဆောင်ထားသော ရန်သူဟာ ...
ကြောက်စရာ အကောင်းဆုံးဖြစ်။ ပြည်သူ၊ ပြည်...
ပြည်သူလူထုကို ချကျွေးစတေးနေတဲ့ ဆန့်...
အဖျက်အုပ်စုတွေရဲ့ သတင်းစကားကို အကင်း...
နား၊ မမှိတ်သော မျက်စိ၊ မလပ်သောသတိဖြင့် ...
လက်တွဲဖော်ထုတ် ချေမှုန်းနိုင်မှသာ ပြည်သူလူထု...
လုံး ချမ်းသာသုခနဲ့ ပြည့်စုံနိုင်ကြမှာဖြစ်။

ကိုယ်စားပြုပြီး လှုပ်ရှားနေကြတဲ့ ဆန့်ကျင်ဘက်အုပ်စုတွေသာ ဖြစ်ပါတယ်။

သူတို့ရဲ့ လုပ်နည်းလုပ်ဟန်ကတော့ ယခင် ဦးနု၊ ဦးလောရုံတို့ရဲ့ ပြည်ပြေးအဖွဲ့အတိုင်းပါပဲ။ နိုင်ငံတကာက ကြိုးကိုင်ချင်သူတွေနဲ့ လက်အောက်ခံ၊ လက်ဝေခံအဖြစ် ဆက်သွယ်တယ်။ အထောက်အပံ့ အကူအညီယူတယ်။ ညွှန်ကြားမှုတွေကို နာခံလုပ်ဆောင်တယ်။ ပြည်တွင်းမှာ သူတို့ ကျောထောက်နောက်ခံပြုထားတဲ့ပါတီရဲ့ နိုင်ငံရေးဆုတ်တက်လှုပ်ရှား ကစားကွက်တွေနဲ့ အတိုင်အဖောက်ညီအောင်လုပ်တယ်။ ပြည်သူလူထုဆီကို ဖောက်ခွဲဖျက်ဆီးရေးသမားတွေစေလွှတ်ပြီး ခြိမ်းခြောက်ဖောက်ခွဲတယ်။ အစပိုင်းမှာ ၂၀-၁၂-၂၀၀၄ရက်နေ့ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအနီး ဇော်ဂျီဟောက်စ်စားသောက်ဆိုင် ဖောက်ခွဲမှုမျိုး၊ ၁၇-၃-၂၀၀၅ရက်နေ့ တောင်ဥက္ကလာပ ပါရမီကားဝင်းအတွင်း ဖောက်ခွဲမှုမျိုးတွေကို မဆိုစလောက် လုပ်ကြတယ်။ နောက်ပိုင်းတစ်ဆက်တည်းမှာ အားလုံးမျှော်လင့်မထားတဲ့ အစုလိုက် အပြုံလိုက် ဆက်တိုက်ဖောက်ခွဲမှု အပြင်းစားတွေ လုပ်ပြလာတယ်။ ၂၀၀၅ ခုနှစ် မေလ ၇ ရက်နေ့ ရန်ကုန်မြို့ လူစည်ကားရာ သုံးနေရာမှာ တစ်ပြိုင်တည်း ချိန်ကိုက်ဖောက်ခွဲခဲ့လို့ ရဟန်းရှင်လူ ပြည်သူ ၂၃ ဦး သေဆုံးခဲ့ပြီး ၁၅၀ ဒဏ်ရာရရှိခဲ့ရတယ်။

အဲဒီအဖျက်လုပ်ရပ်ဟာ သူတို့နိုင်ငံရေးတိုက်ပွဲဆင်ပြီး တောင်းပွဲတိုက်ပွဲတွေလုပ်၊ အမျိုးမျိုး လှုံ့ဆော်စည်းရုံးနေပေမယ့် နိုင်ငံရေးရပ်ကွက်ရဲ့ ဆုတ်တက်လှုပ်ရှား ကစားနေပုံတွေကို အကင်းပါးပါးနဲ့ နားလည်သုံးသပ်နိုင်စွမ်းရှိနေတဲ့ ပြည်သူတွေက သူတို့နောက်ကို ကောက်ကောက်ပါအောင် လိုက်မလာလို့၊ သူတို့ကို

ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်တေ...
တိုက်ရိုက် တိုက်ခိုက်သတ်ဖြတ်လာတာပဲ...

ဒီလို အကြမ်းဖက် အဖျက်လုပ်ရပ်မျ...
ပြည်သူ ပြည်သား အများစုနေထိုင်...
လက်မခံပါဘူး။ ခေါင်းငုံ့လည်း ခံနေမှာမ...
ရှိတာက ကိုယ်နဲ့နှိုင်း မရိုင်းဘူးဆိုတဲ့ မြ...
ဘာသာရေးပွဲတွေ၊ ရိုးရာယဉ်ကျေးမှုပွဲတေ...
ပစ်မှတ်ထား တိုက်ခိုက်မှာတော့ မဟုတ်...
ငါဆိုလည်း ဒီလိုလုပ်မှာမဟုတ်ဘူးဆိုတဲ့...
တွေနဲ့ ဆင်ခြင်သုံးသပ်နေရင်တော့ အကြမ်...
တွေက ဟားတိုက်ပြီး ရယ်မောနေကြမှာ...

ဘာကြောင့်လဲဆိုရင် ဗုဒ္ဓဘုရားရှင်ဟ...
ဗမာကို မြန်မာလို့ပြောင်းရင် ဗုဒ္ဓကိုလည်း ...
ဆိုတဲ့ အစွန်းမလွတ်တဲ့ စကားတွေကို ...
တဲ့ နိုင်ငံရေးပါတီရဲ့ အရိပ်ဟာ အဲဒီ ပြ...
အကြမ်းဖက် အဖျက်သမားတွေကို ဖုံးလွှ...

၁၉၈၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်နေ့မှ...
ရင်ပြင်တစ်ဝိုက်ကို သောင်းကျန်းသူတွေ...
လက်နက်ငယ်တွေနဲ့ ပစ်ခတ်ခဲ့လို့ ဘု...
သေဆုံးပြီး ၁၆ဦး ဒဏ်ရာရရှိခဲ့တယ်။

၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့...
ပါသာဏလိုဏ်ဂူတော် ဗုဒ္ဓမြတ်စွယ်တော်...
မိုင်း ဖောက်ခွဲခဲ့လို့ ရဟန်းရှင်လူ ငါးဦးသေ...
ရရှိခဲ့တယ်။

၂၀၀၂ ခုနှစ် ဧပြီ ၁၅ ရက် သင်္ကြန်အ...
မြို့အတွင်း ချိန်ကိုက်ဗုံးဖောက်ခွဲခဲ့လို့ ပြည်...
သေဆုံးပြီး ၃၁ဦး ဒဏ်ရာရရှိခဲ့တယ်။

အခု ၂၀၁၀ ခုနှစ် ဧပြီလ ၁၅ ရက် ...
ရန်ကုန်မြို့ ကန်တော်ကြီးအနီး ရေကစာ...
ဗုံးသုံးလုံးဖောက်ခွဲခဲ့လို့ ရေကစားနေသူ ပြ...
ပြီး ၁၇၀နီးပါး ဒဏ်ရာရရှိခဲ့ပါတယ်။

ဒါဟာ နိုင်ငံရေး၊ စစ်ရေးမှာ ချွတ်ခြ...
ရဲ့ ဆန့်ကျင်မှုကိုပါ ခံလာရတဲ့ အချိန်တိုင...
အမည်ခံ၊ ဒီမိုကရေစီဘက်တော်သား ကြွေ...
ပြနေတဲ့ အကြမ်းဖက်အဖျက်သမား သော...
ရဲ့ မရိုးနိုင်တဲ့ လုပ်နည်းလုပ်ဟန်ပဲ ဖြစ်တ...

ခုဆိုရင် ပိုဆိုးတာက လမ်းပေ...
မြောင်းထဲကိုခုန်ဆင်းပြီး လမ်းစပျောက်...
လက်ပံသား ဓားနဲ့ချိုင်တဲ့ အကြမ်းဖက် ဖော...
ကို ပုံစံမျိုးစုံ၊ နေရာဒေသ ကာလမျိုးစုံမှာလု...
မှာ မဟုတ်ပါဘူး။

မိတ်ဆွေဟန်ဆောင်ထားသော ရန်...
ကြောက်စရာ အကောင်းဆုံးဖြစ်ပါတယ်။ ပြ...
ပြည်သူလူထုကို ချကျွေးစတေးနေတဲ့ ဆ...
အုပ်စုတွေရဲ့ သတင်းစကားကို အကင်းပါး...
မျက်စိ၊ မလပ်သောသတိဖြင့် ပူးပေါင်းလက်...
နိုင်မှသာ ပြည်သူလူထုတစ်ရပ်လုံး ချမ်းသာ...
မှာဖြစ်ပါကြောင်း မီးမောင်းထိုးပြလိုက်...

ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်တော့လို့ ပြည်သူလူထုကို တိုက်ရိုက် တိုက်ခိုက်သတ်ဖြတ်လာတာပဲ ဖြစ်တယ်။

ဒီလို အကြမ်းဖက် အဖျက်လုပ်ရပ်မျိုးကို ဗုဒ္ဓဘာသာဝင် ပြည်သူ ပြည်သား အများစုနေထိုင်တဲ့ မြန်မာနိုင်ငံက လက်မခံပါဘူး။ ခေါင်းငုံ့လည်း ခံနေမှာမဟုတ်ပါဘူး။ တစ်ခုရှိတာက ကိုယ်နဲ့နှိုင်း မရိုင်းဘူးဆိုတဲ့ မြန်မာစိတ်ဓာတ်ပါပဲ။ ဘာသာရေးပွဲတွေ၊ ရိုးရာယဉ်ကျေးမှုပွဲတွေနဲ့ ပြည်သူလူထုကို ပစ်မှတ်ထား တိုက်ခိုက်မှာတော့ မဟုတ်တန်လောက်ပါဘူး။ ငါဆိုလည်း ဒီလိုလုပ်မှာမဟုတ်ဘူးဆိုတဲ့ ကိုယ်ချင်းစာနာစိတ်တွေနဲ့ ဆင်ခြင်သုံးသပ်နေရင်တော့ အကြမ်းဖက် အဖျက်သမားတွေက ဟားတိုက်ပြီး ရယ်မောနေကြမှာ သေချာပါတယ်။

ဘာကြောင့်လဲဆိုရင် ဗုဒ္ဓဘုရားရှင်ဟာလည်း သာမန်လူပဲ၊ ဗမာကို မြန်မာလို့ပြောင်းရင် ဗုဒ္ဓကိုလည်း မုဒ္ဓလို့ပြောင်းရမလား ဆိုတဲ့ အစွန်းမလွတ်တဲ့ စကားတွေကို ဖောင်ဖွဲ့ဟောပြောနေတဲ့ နိုင်ငံရေးပါတီရဲ့ အရိပ်ဟာ အဲဒီ ပြည်ပြေး၊ ပြည်တွင်း အကြမ်းဖက် အဖျက်သမားတွေကို ဖုံးလွှမ်းလို့ နေနေပါပြီ။

၁၉၈၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်နေ့မှာ ကျိုက်ထီးရိုးဘုရားရင်ပြင်တစ်ဝိုက်ကို သောင်းကျန်းသူတွေက လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ပစ်ခတ်ခဲ့လို့ ဘုရားဖူးပြည်သူ ငါးဦး သေဆုံးပြီး ၁၆ဦး ဒဏ်ရာရရှိခဲ့တယ်။

၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော် ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲမှာ ချိန်ကိုက်မိုင်း ဖောက်ခွဲခဲ့လို့ ရဟန်းရှင်လူ ငါးဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့တယ်။

...းသော ရန်သူဟာ လောကမှာ ...ဆုံးဖြစ်။ ပြည်သူ၊ ပြည်သူဆိုပြီး ...ျူးစတေးနေတဲ့ ဆန့်ကျင်ဘက် ...တင်းစကားကို အကင်းပါးသော ...။ မလပ်သောသတိဖြင့် ပူးပေါင်း ...န်းနိုင်မှသာ ပြည်သူလူထုတစ်ရပ် ...စုံနိုင်ကြမှာဖြစ်။

၂၀၀၂ ခုနှစ် ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့မှာ မြဝတီမြို့အတွင်း ချိန်ကိုက်ဗုံးဖောက်ခွဲခဲ့လို့ ပြည်သူ ငါးဦး ပွဲချင်းပြီး သေဆုံးပြီး ၃၁ဦး ဒဏ်ရာရရှိခဲ့တယ်။

အခု ၂၀၁၀ ခုနှစ် ဧပြီလ ၁၅ ရက် သင်္ကြန်အကြတ်နေ့မှာ ရန်ကုန်မြို့ ကန်တော်ကြီးအနီး ရေကစားမဏ္ဍပ်တစ်ခုရှေ့မှာ ဗုံးသုံးလုံးဖောက်ခွဲခဲ့လို့ ရေကစားနေသူ ပြည်သူ ၁၀ဦး သေဆုံးပြီး ၁၇၀နီးပါး ဒဏ်ရာရရှိခဲ့ပါတယ်။

ဒါဟာ နိုင်ငံရေး၊ စစ်ရေးမှာ ချွတ်ခြုံကျပြီး ပြည်သူလူထုရဲ့ ဆန့်ကျင်မှုကိုပါ ခံလာရတဲ့ အချိန်တိုင်းမှာ နိုင်ငံရေးသမားအမည်ခံ၊ ဒီမိုကရေစီဘက်တော်သား ကြွေးကြော်သံနဲ့ အလံထူပြနေတဲ့ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုတိုင်းရဲ့ မရိုးနိုင်တဲ့ လုပ်နည်းလုပ်ဟန်ပဲ ဖြစ်တယ်။

ခုဆိုရင် ပိုဆိုးတာက လမ်းပေါ်ရောက်နေရာကနေ မြောင်းထဲကိုခုန်ဆင်းပြီး လမ်းစပျောက်သွားပြီမို့ မဆီမဆိုင် လက်ပံသား ဓားနဲ့ချိုင်တဲ့ အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှုမျိုးစုံကို ပုံစံမျိုးစုံ၊ နေရာဒေသ ကာလမျိုးစုံမှာလုပ်လာဖို့ ဝန်လေးတော့မှာ မဟုတ်ပါဘူး။

မိတ်ဆွေဟန်ဆောင်ထားသော ရန်သူဟာ လောကမှာ ကြောက်စရာ အကောင်းဆုံးဖြစ်ပါတယ်။ ပြည်သူ၊ ပြည်သူဆိုပြီး ပြည်သူလူထုကို ချကျွေးစတေးနေတဲ့ ဆန့်ကျင်ဘက် အဖျက်အုပ်စုတွေရဲ့ သတင်းစကားကို အကင်းပါးသောနား၊ မမိုတ်သောမျက်စိ၊ မလပ်သောသတိဖြင့် ပူးပေါင်းလက်တွဲ ဖော်ထုတ်ချေမှုန်းနိုင်မှသာ ပြည်သူလူထုတစ်ရပ်လုံး ချမ်းသာသုခနဲ့ ပြည့်စုံနိုင်ကြမှာဖြစ်ပါကြောင်း မီးမောင်းထိုးပြလိုက်ရပါတယ်။ ။

ကြည့်ရှုစစ်ဆေး

မေ ၄ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ဆူးလေ အမှတ်(၅) ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော သင်္ဘောပေါ်မှ ကုန်ပစ္စည်းများ မော်တော်ယာဉ်ပေါ်သို့ တင်ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦးအား အီတလီသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား အီတလီသမ္မတနိုင်ငံ Zeta Group ၏ President Madam Donatella Zingone Dini သည် မေ ၅ရက် ညနေ ၅နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများ ထူထောင်ရေးနှင့် ကော်ဖီစိုက်ပျိုးရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနရှိ လုပ်ငန်း/ ဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး(၂၇/၂၀၁၀) ကျင်းပ

နေပြည်တော် မေ ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၂၇/၂၀၁၀)ကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရေးကိစ္စ၊ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်းကိစ္စ၊ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာ ကြေညာချက်များ ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာ ကြေညာချက်များကို ၂၀၁၀ ခုနှစ် မေ ၆ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသည်။

ကြေညာချက်အမှတ် (၂၇/၂၀၁၀)ဖြင့် ကချင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၁၈)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၂၈/၂၀၁၀)ဖြင့် ကယားပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၇)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၂၉/၂၀၁၀)ဖြင့် ကရင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၇)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၀/၂၀၁၀)ဖြင့် ချင်းပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၉)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၁/၂၀၁၀)ဖြင့် စစ်ကိုင်းတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၃၇)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၂/၂၀၁၀)ဖြင့် တနင်္သာရီတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၁၀)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၃/၂၀၁၀)ဖြင့် ပဲခူးတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၂၈)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၄/၂၀၁၀)ဖြင့် မကွေးတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၂၅)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၃၅/၂၀၁၀)ဖြင့် မန္တလေးတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၃၁)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၆/၂၀၁၀) ဖြင့် မွန်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၁၀)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၇/၂၀၁၀)ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၁၇)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၈/၂၀၁၀)ဖြင့် ရန်ကုန်တိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၄၅)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၃၉/၂၀၁၀)ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၅၀)ကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၄၀/၂၀၁၀)ဖြင့် ဧရာဝတီတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၂၆)ခုကိုလည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားပြင်း မြေငလျင်လှုပ်

နေပြည်တော် မေ ၆

မေ၅ရက် ညသာနာရီ ၄မိနစ် ၁၈စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် မိုင်(၁၆၀၀)ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး (၆ဒသမ ၃) အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာရင်းကိုင်စံများ အစားထိုးပြဋ္ဌာန်းထုတ်ပြန်

ရန်ကုန် မေ ၆

၂၀၁၀ ခုနှစ် မေ ၄ရက်တွင် ကျင်းပသော မြန်မာနိုင်ငံ စာရင်းကောင်စီ အစည်းအဝေး အမှတ် (၁/၂၀၁၀)၏ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ (Public Companies) နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ (Financial Institutions) လိုက်နာကျင့်သုံးရန် မြန်မာနိုင်ငံ စာရင်းကိုင်စံများ (Myanmar Financial Reporting Standards-MFRS) ကို မြန်မာနိုင်ငံ စာရင်းကောင်စီက မေ ၆ရက် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၀)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းလိုက်ကြောင်း သိရှိရသည်။

အစားထိုးပြဋ္ဌာန်း

ယင်းမြန်မာနိုင်ငံ စာရင်းကိုင်စံများ (Myanmar Financial Reporting Standards) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးစာရင်းများ ရေးဆွဲရာတွင် လိုက်နာကျင့်သုံးရမည်ဖြစ်သည်။ မြန်မာနိုင်ငံ စာရင်းကောင်စီက ၂၀၀၃ ခုနှစ် မတ် ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၀၃)နှင့် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၀၄) တို့ဖြင့် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ စာရင်းကိုင်စံများကို ရုပ်သိမ်း၍ ယခုထုတ်ပြန်ပြဋ္ဌာန်းသည့် (Myanmar Financial Reporting Standards -MFRS) ဖြင့် အစားထိုးပြဋ္ဌာန်း ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ စာရင်းကိုင်စံများ (Myanmar Financial Reporting Standards-MFRS) (စာမျက်နှာ-၇၁၇ခန့်)ကို CD ဖြင့် မြန်မာနိုင်ငံ စာရင်းကောင်စီရုံး (စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ရန်ကုန်မြို့)တွင် ရယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အကြမ်းဖက်သမားတွေ၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းတွေ သူတို့ရဲ့ ရည်မှန်းချက်တာဝန် မအောင်မြင်အောင် နည်းမျိုးစုံနဲ့ ဆောင်ရွက်သွားမည်

ပြည်သူတွေ အထိတ်တလန့်ဖြစ်စေမယ့်ကိစ္စတွေ မဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်

နေပြည်တော် မေ ၆

X_2O ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် ကိုယ်တိုင်ကျူးလွန်ခဲ့သူများအနက် တစ်ဦးကို ဖမ်းဆီးရမိပြီး နောက်ကွယ်မှအထောက်အကူပြု ကြိုးကိုင်နေသူများအား ဖော်ထုတ်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ဦးကိုကို [ရန်ကုန်မီဒီယာဂရု(ပ်)]

မေး။ ခုချိန်မှာ ပြည်သူများစိတ်ဝင်စားနေတဲ့ သင်္ကြန်ကာလအတွင်း X_2O သင်္ကြန်မဏ္ဍပ် ဗုံးပေါက်ကွဲမှုနဲ့ ပတ်သက်ပြီး ဖမ်းဆီးဖော်ထုတ်ပေးတဲ့အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို ကျေးဇူးတင်ပါတယ်။ ရဲချုပ်ကြီးရှင်းလင်းသွားတဲ့ အချက်များအနက် ၃ချက်လောက် သိချင်ပါတယ်၊ အဲဒါတွေကတော့-

(က) ဗုံးဖောက်ခွဲမှု ကျူးလွန်သူလေးဦးအနက် မည်သူ့ကို ဖမ်းဆီးရမိသလဲ။

(ခ) ဘယ်လိုဖမ်းဆီးရမိခဲ့တာလဲ။

(ဂ) ဖမ်းဆီးရမိသူရဲ့အကြောင်းကို သိလိုပါတယ်။

ဖြေ။ သည်ဖြစ်စဉ်မှာ ကိုယ်တိုင်ပါဝင်ကျူးလွန်ခဲ့သူ လေးဦးအနက်က ဖြိုးဝေအောင်(ခ) သက်ခိုင်ကို ကျွန်တော်တို့ ဖမ်းဆီးထိန်းသိမ်းထားနိုင်တာဖြစ်တယ်။ သူ့ကို ဘယ်လိုဖမ်းမိသလဲဆိုတာကတော့ အဓိကအချက်အနေနဲ့ အခင်းဖြစ်ရပ်မှာတွေ့ရတဲ့ အထောက်အထားပေါ်မူတည်ပြီး ဖော်ထုတ်လို့ရတဲ့ ပုဂ္ဂိုလ်တွေရဲ့ သက်သေခံချက်တွေအပေါ်အခြေတည်လို့ ဒီအကြမ်းဖက်မှုကို မလိုလားတဲ့ ပြည်သူလူထုရဲ့ ဝိုင်းဝန်းကူညီမှုနဲ့ ဖော်ထုတ်ဖမ်းဆီးရမိတာ ဖြစ်ပါတယ်။

ပြတယ်။ ဘာကြောင့်လဲဆို ဖြိုးဝေအောင်က Electrical Power နဲ့ပြီးတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒါတွေလုပ်လို့ ရမလားဆိုပြီး သူ့ကို ခိုင်းပါတယ်။ သူတင်မဟုတ်ဘဲ ဖောက်ခွဲရေးနည်းပြဖြစ်တဲ့ အခုဖြစ်စဉ်မှာ အဆင့်(၃)အဖြစ်ပါတဲ့ မျိုးအေး(ခ) စိုးမိုးကိုပါ ပြပါတယ်။

သို့သော်လည်း အဲ့ဒီတုန်းက သူတို့(၂)ယောက် အောင်မြင်အောင် မလုပ်နိုင်ခဲ့ဘူးလို့ ပြောပါတယ်။ ဒီလိုနဲ့ သူဟာ VBSW အဖွဲ့ခေါင်းဆောင် ရဲသီဟနဲ့ ဆက်သွယ်မိပြီး VBSW အကြမ်းဖက်အဖွဲ့ဝင် တစ်ယောက်ဖြစ်လာခဲ့ရတာပါ။ ဒီဖြစ်စဉ်မှာတော့ သူ့အနေနဲ့ ပြည်တွင်းမှာ အခြေတည်စတင်နေထိုင်ပြီးတော့ ဒီ X_2O မဏ္ဍပ်ကြီးကို ဖောက်ခွဲရေးလုပ်မယ့်သူတွေအားလုံးဝင်လာနိုင်အောင် လမ်းကြောင်းရှင်းပေးတဲ့ လုပ်ငန်းတွေလုပ်တယ်။ ဖောက်ခွဲရေးပစ္စည်းတွေ ထားနိုင်အောင် စမ်းချောင်း ငှက်ပျောတောရပ်ကွက်မှာရှိတဲ့ တိုက်ခန်းကို သူငှားပေးတယ်။ ပြီးတော့ ဒီပုဂ္ဂိုလ်တွေအတွက် ဝပ်ကျင်းပေါ့ဗျာ၊ ပုန်းခိုရမယ့်နေရာရအောင် သူစီမံပေးတယ်။ ဒီနေရာမှာလည်း သူက ဘယ်မဏ္ဍပ်ကိုခွဲသင့်တယ်ဆိုတဲ့ အကြံပြုချက်မျိုးပေးတယ်။ ပြီးတော့ ဒီဖြစ်စဉ်မှာ လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့တယ်။ ပြီးရင် သူ့ကို ဒီမှာမြှုပ်ချန်ခဲ့ပြီး နောင်လုပ်ငန်းတွေအတွက် ဆက်လုပ်မယ့်လူအဖြစ် သတ်မှတ်ထားတယ်။ သက်ခိုင်(ခ) မိုဟာမက်ယှာဇန်ဟာ ရဲသီဟ အစီအစဉ်အရ ဒီ(၄)ယောက်မှာ အဆင့် (၄)လို့ သတ်မှတ်ထားသော်ငြားလည်း တကယ်တော့ ပြည်တွင်းပြည်ပ ချိတ်ဆက်ပေးတဲ့သူ၊ ဒီဖြစ်စဉ်တစ်ခုလုံးကို အကောင်အထည်ဖော်ပေးတဲ့သူဖြစ်တဲ့အတွက် ကျွန်တော်တို့ကတော့ သူ့ကိုအရေးအကြီးဆုံးပုဂ္ဂိုလ် နံပါတ်(၁)လို့ သတ်မှတ်သင့်တယ်လို့ ယူဆပါကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။

လူ(၃)ယောက်ဟာ တစ်ဖက်နိုင်ငံနယ်စပ်တွေမှာရှိနေတယ်လို့ သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပြည်တွင်းပိုင်းမှာတော့ ကျွန်တော်တို့မိတ်ဖက်အဖွဲ့အစည်းတွေ၊ ပြည်သူပြည်သားတွေရဲ့ ပံ့ပိုးကူညီမှုတွေနဲ့ ဖမ်းဆီးဖို့စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ကတော့ ကြိုတင်ကာကွယ်ရေးနည်းလမ်းတွေ၊ ဖော်ထုတ်ရေးနည်းလမ်းတွေ အပြည့်အဝဆောင်ရွက်နေသော်လည်းပဲ ပြည်သူပါမှ အောင်ပွဲရဆိုတဲ့ ကျွန်တော်တို့ ခံယူချက်နဲ့အညီ ပြည်သူမပါရင် ကြန့်ကြာနိုင်ပါတယ်။ ပြည်သူတွေရဲ့ ပံ့ပိုးမှုဖြစ်နိုင်အောင်လည်း ဘယ်လိုပုဂ္ဂိုလ်တွေ၊ ဘယ်လိုအချက်အလက်တွေ၊ ဘယ်လိုပုံပန်းသဏ္ဌာန်ဆိုတာလည်း နောက်ဘက်မှာ ကျွန်တော်တို့ ခင်းကျင်းပြသထားပြီးတော့ ပြည်သူရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ သတင်းပေးမှု၊ ပူးပေါင်းကူညီမှုဟာ အင်မတန်မှ အရေးကြီးတယ်လို့ ပြည်တွင်းပိုင်းဆိုင်ရာအနေနဲ့ ဒီလိုပဲ ပြောချင်ပါတယ်။

အိမ်နီးချင်းနိုင်ငံ နယ်စပ်ဒေသနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တော့ အာဆီယံရဲတပ်ဖွဲ့ဝင်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုတွေ အများကြီးရှိပါတယ်။ ဒီကိစ္စမှာလည်း အိမ်နီးချင်းရဲတပ်ဖွဲ့ဝင်တွေနဲ့ ပေါင်းစပ်ပါမယ်၊ သံတမန်နည်းလမ်းအရသော်လည်းကောင်း၊ အုပ်ချုပ်မှုနည်းလမ်းအရသော်လည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်အချင်းချင်း ဆက်စပ်၍သော်လည်းကောင်း ဒီလိုနည်းနဲ့ ဒီပုဂ္ဂိုလ်တွေ ဖမ်းဆီးရမိရေး စီမံဆောင်ရွက်လျက်ရှိကြောင်း အသိပေးပြောကြားလိုပါတယ်။

ဒေါက်တာဇော်သန်း (ဆန်ကေးရှင်ဘွန်း) မေးမြန်းစဉ်။ (သတင်းစဉ်)

ဦးကိုကို [ရန်ကုန်မီဒီယာဂရု(ပ်)] မေးမြန်းစဉ်။ (သတင်းစဉ်)



ဦးဇင်ကိုကိုအောင် (မြန်မာနယူးစ်ဝိခ်ဂျာနယ်) မေးမြန်းစဉ်။ (သတင်းစဉ်)



ဦးမြတ်စိုး(လှိုင်) (လယ်ယာစီးပွားသတင်းဂျာနယ်) မေးမြန်းစဉ်။ (သတင်းစဉ်)

ဦးလင်းဘိုဘို (Open News ဂျာနယ်) မေးမြန်းစဉ်။ (သတင်းစဉ်)

ဦးဖိုးနိုင်လင်း (ပေါ်ပြူလာနယူးစ်ဂျာနယ်) မေးမြန်းစဉ်။ (သတင်းစဉ်)

အခင်းဖြစ်ရပ်မှာ လက်ပစ်ဗုံးပင်(၃)ခု တွေ့ပါတယ်။ လက်ပစ်ဗုံးလီဗာတံ(၃)ခုတွေ့ပါတယ်။ နောက် ပေါက်ကွဲတဲ့အစတွေတွေ့ပါတယ်။ နောက်ပြီးတော့ ကျွန်တော် စောစောကပြောခဲ့တဲ့ မျိုးအေး(ခ)စိုးမိုး ဖောက်ခွဲဖို့ကျန်ခဲ့တဲ့ နိုကီယာအမျိုးအစား GSM ဖုန်း(၁)လုံးတွေ့ပါတယ်။ အဲ့ဒီဘေးမှာ မြန်မာဘီယာဘူးခွံထဲမှာ (.၇၅)ပေါင်ရှိတဲ့ C-4 ယမ်းထည့်ထားတဲ့ လက်လုပ်မိုင်း(၁)ခုတွေ့ပါတယ်။ အဲ့ဒါကို ဒီတိုနေတာ(၂)ခုနဲ့ ဆက်ထားတာဖြစ်ပါတယ်။ အဲ့ဒီအခင်းဖြစ်ရပ်မှာတွေ့တဲ့ အထောက်အထားတွေပေါ်မူတည်ပြီး သဲလွန်စတွေစဖော်မိပါတယ်။ ဒီသဲလွန်စတွေပေါ်မူတည်ပြီး ဖြိုးဝေအောင်(ခ) သက်ခိုင်ဆိုတဲ့ပုဂ္ဂိုလ်နဲ့ ဒီဖောက်ခွဲရေးမှာ မွန်သူပုန်အဖွဲ့ကနေ ဒီဘက်ကို ပြောင်းလာတဲ့ အောင်ကြီး(ခ) အုန်းကျော်ဌေးရဲ့ဇနီး ရီရီမြင့်တို့နှစ်ဦးကို ကျွန်တော်တို့ ခြေရာခံမိခဲ့ပါတယ်။ သူတို့နှစ်ဦးကို တိုက်ဆိုင်စစ်ဆေးချက်အရ ကွင်းဆက်ကြီးတစ်ခုလုံးကို ပီပီပြင်ပြင် ဖော်ထုတ်နိုင်တာ ဖြစ်ပါတယ်။

အသေးစိတ် ဘယ်နည်းဘယ်ပုံ ဆောင်ရွက်တယ်ဆိုတာကတော့ ကျွန်တော်တို့ Police Procedure တွေ ဖြစ်နေပါတယ်။ မပြီးပြတ်သေးတဲ့ On Going Case တွေလည်းပါနေလို့ ဒီလောက်ဆိုရင် ရလောက်ပြီထင်ပါတယ်။

နောက်တစ်ခုက သူ့အကြောင်းနဲ့ပတ်သက်ပြီး နောက်ဘက်မှာကပ်ပေးထားတာကို လေ့လာသွားလို့ရပါတယ်။ ဒီဖြိုးဝေအောင်ကို (VBSW) အဖွဲ့ခေါင်းဆောင် ရဲသီဟက သက်ခိုင်ဆိုတဲ့နာမည်ဝှက်နဲ့ ဒီကိုလွှတ်လိုက်တာပါ။ အခြားနာမည်တစ်ခုကတော့ သူဟာ မိုဟာမက်ယှာဇန်လို့ ခေါ်ပါတယ်။ သူက ပုဇွန်တောင် (၂)ရပ်ကွက်၊ (၅၅)လမ်း၊ (၃)လွှာ၊ အိမ်အမှတ် (၂၇)မှာ နေပါတယ်။ အိမ်ထောင်သည် ဖြစ်ပါတယ်။ သားသမီး (၃)ဦးရှိပါတယ်။ သူ့ရဲ့ဇာတိကတော့ ဧရာဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ မယ်ဇလီကုန်းကပါ။ ၇၉ခုနှစ် ဇူလိုင် (၈)ရက်နေ့မှာ အဖဦးဆန်းဝင်းဦး၊ အမိ ဒေါ်မာမာဆွေတို့က မွေးတဲ့ မွေးချင်း (၃)ဦး အနက် အကြီးဆုံးဖြစ်ပါတယ်။ သူအဲ့ဒီမှာပဲ (၁၀)တန်းအောင်ပါတယ်။ အဲ့ဒီနောက် တောင်ကြီးအေးသာယာစက်မှုလက်မှု အထက်တန်းကျောင်းမှာတက်ပြီး AGTI (E.P) ဘွဲ့ရပါတယ်။ သူဟာ အင်ဂျင်နီယာ (၁)ဦး ဖြစ်တဲ့အတွက် ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းတွေ လုပ်ရင်းနဲ့ အခုဒီ X_2O အကြမ်းဖက်မှုမှာ ခေါင်းဆောင်ဖြစ်တဲ့ သီဟဇော်နဲ့ ဆုံပါတယ်။ သီဟဇော်ကလည်း AGTI လက်မှတ်အတုနဲ့ ကန်ထရိုက်လုပ်နေတဲ့ အင်ဂျင်နီယာတစ်ယောက်ဖြစ်ပါတယ်။ သူဟာ ၂၀၀၆ခုနှစ်လောက်က တောင်ဥက္ကလာ ချယ်ရီအိမ်ရာဆောက်စဉ်တုန်းက ဆာကူရာဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ဦးပါ။ ၂၀၀၆ခုနှစ် နှစ်လယ်ပိုင်းလောက်မှာ တောင်ဥက္ကလာ ချယ်ရီအိမ်ရာ ဆောက်တုန်း အဲဒီကုမ္ပဏီတစ်ခုထဲမှာ ဖြိုးဝေအောင်နဲ့ အဆင့် (၁)အဖြစ် တာဝန်ယူခဲ့တဲ့ သီဟဇော်(ခ) သူရဇော်(ခ) ဇော်ထက် (ခ) သိန်းထိုက် သူတို့တွေ့ဆုံရင်းနှီးခဲ့ကြတာပါ။ ၂၀၀၆ ကနေ ၂၀၀၉လောက်အထိ ကန်ထရိုက်လုပ်ငန်းတော်တော်များများ တွဲဖက်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီသီဟဇော်ရဲ့ အဆက်အသွယ်နဲ့ ဖြိုးဝေအောင်ဟာ မဲဆောက်ကို ရောက်သွားတာပါ။ ရောက်ပြီးတော့ VBSW ခေါင်းဆောင် ရဲသီဟနဲ့ ချိတ်ဆက်မိတာဖြစ်ပါတယ်။ ၂၀၀၉ခုနှစ် နိုဝင်ဘာလောက်က မဲဆောက်ကို သွားတုန်း VBSW ခေါင်းဆောင် ရဲသီဟက သူရလာတဲ့ တယ်လီဖုန်းကနေ အဝေးကနေ နံပါတ်နှိပ်ပြီး ခွဲတဲ့စနစ်ကို Video Slide တွေနဲ့ ဖြိုးဝေအောင်ကို

နောက်တစ်ခုကတော့ ဦးကိုကိုအနေနဲ့ ကျဆုံးဒဏ်ရာရတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပြည်သူပြည်သားတွေအားလုံးကိုယ်စား ကျွန်တော်တို့တပ်ဖွဲ့ကို ကျေးဇူးတင်တယ်လို့ ပြောတဲ့အတွက်ကြောင့် တပ်ဖွဲ့အနေနဲ့ အများကြီးအားဖြစ်ရပါတယ်။ နောင်ကိုလည်းဒီလိုပဲ ပြည်သူတွေရဲ့ ထောက်ခံအားပေးမှုနဲ့ ဆက်ပြီးတော့ လုပ်ငန်းတာဝန်တွေကို အားကြိုးမာန်တက်ဆောင်ရွက်သွားမယ်လို့လည်း ဖြည့်စွက်တင်ပြလိုပါတယ်။

ဒေါက်တာဇော်သန်း (ဆန်ကေးရှင်ဘွန်း)

မေး။ ရဲချုပ်ကြီးအနေနဲ့ ကျွန်တော့်ကို မေးခွန်း (၂)ခု မေးခွင့်ပြုပါ။ ပထမမေးခွန်းကတော့ သင်္ကြန်မဏ္ဍပ်တွေ အများကြီးရှိတဲ့အနက်မှာ X_2O မဏ္ဍပ်ကိုမှ ဘာ့ကြောင့်ရွေးပြီး ဖောက်ခွဲခဲ့သလဲဆိုတာပါ။

ဒုတိယမေးခွန်းကတော့ ဒီ X_2O မဏ္ဍပ်ကို ဖောက်ခွဲပြီး လွတ်မြောက်သွားတဲ့ သူတွေဟာ ပြည်တွင်းမှာလား၊ ပြည်ပမှာလား၊ သူတို့ကိုဖမ်းဆီးရမိရေးအတွက် ဘယ်လိုစီမံဆောင်ရွက်ထားပါသလဲဆိုတာ သိချင်ပါတယ်။

ဖြေ။ ကျွန်တော်လည်း ဒီဥစ္စာကို အတော်စိတ်ဝင်စားပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီကိစ္စကို စစ်ဆေးစဉ်တုန်းက ရန်ကုန်မှာရှိတဲ့ ကန်တော်ကြီးကန်ပတ်လမ်းမှာ သင်္ကြန်မဏ္ဍပ်တွေ အများအပြားရှိတဲ့အနက်က ဘာ့ကြောင့်များ အဲဒီ X_2O မဏ္ဍပ်ကို ရွေးပြီး ဖောက်ခွဲရသလဲဆိုတာကို စစ်ကြောခဲ့ပါတယ်။ ဒီအဖြေလည်း ကျွန်တော်တို့ဆီမှာ ရှိပါတယ်။

စောစောကတင်ပြခဲ့သလို နိုင်ငံတော်အစိုးရကို ဆန့်ကျင်တဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းအသီးသီးရဲ့ မဟာဗျူဟာစစ်ဆင်ရေးရည်မှန်းချက်က တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားဖို့၊ လူတွေ အထိတ်တလန့်ဖြစ်ဖို့၊ ၂၀၁၀ ရွေးကောက်ပွဲပျက်ပြားဖို့ ချထားတာပါ။ ဒီအပေါ်မှာ နည်းဗျူဟာအရ အကောင်အထည်ဖော်တဲ့ VBSW အဖွဲ့ခေါင်းဆောင် ရဲသီဟကျတော့ လူတွေအထိတ်တလန့်ဖြစ်အောင် ဖောက်ခွဲဖို့ဆိုရင် ရန်ကုန်သင်္ကြန်မဏ္ဍပ်ကို ဖောက်ခွဲတာပေါ့ဆိုပြီး စဉ်းစားခဲ့ခြင်းပါ။ နောက်မှ ဖြိုးဝေအောင်တို့လို၊ သီဟဇော်တို့လို မြေပြင်မှာ တကယ်လုပ်မယ့်ပုဂ္ဂိုလ်တွေကျတော့ ရန်ကုန်မဏ္ဍပ်ကိုလုပ်မယ်ဆိုရင်၊ အထက်ကလိုလားချက်က လူအများအပြား ထိတ်လန့်တကြားဖြစ်ဖို့ဆိုရင် ရန်ကုန်မဏ္ဍပ်တွေထဲမှာ X_2O မဏ္ဍပ်ဟာ လူအစည်ကားဆုံးလို့ အကြမ်းဖျင်း သိရပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီနေရာဟာ လမ်း (၅)ခွဆုံဖြစ်ပါတယ်။ သူတို့အထက်က လိုလားချက်ဖြစ်တဲ့ လူအများအပြား ထိတ်လန့်တကြား ဖြစ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ပေါ်မူတည်ပြီး မိုင်းဖောက်ခွဲမယ်ဆိုရင် အကောင်းဆုံးပစ်မှတ်တစ်ခုလို့ယူဆရပါတယ်။ ဒါဟာ တရားဝင်ထွက်ချက် ဖြစ်ပါတယ်။ နောက် ဒုတိယအချက်က လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအနေနဲ့ ပြန်စဉ်းစားကြည့်ရင် ဆုတ်လမ်းတက်လမ်း ဝင်လမ်းထွက်လမ်းကောင်းတဲ့နေရာကို ရွေးမှာဖြစ်ပါတယ်။ လမ်းကြောင်းတစ်ကြောင်းထဲပေါ်မှာ ဆုတ်လမ်းတက်လမ်း ခက်မယ့်နေရာအစား ဒီနေရာဟာ လမ်း(၅)ခွဆုံဖြစ်တဲ့အတွက်ကြောင့် သူတို့ဘက်က ကြည့်မယ်ဆိုရင်လည်းဆုတ်လမ်းတက်လမ်း အင်မတန်ကောင်းတာကြောင့် ဒီနှစ်ချက်ပေါ်မူတည်ပြီး X_2O မဏ္ဍပ်ကိုပဲ ဦးတည်ရွေးချယ်ရတာဖြစ်တယ်လို့ထွက်ချက်အရရော၊ လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ သဘောသဘာဝအရရော သုံးသပ်တင်ပြလိုပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ လွတ်သွားသူတွေ ပြည်တွင်းမှာလား၊ ပြည်ပမှာလားဆိုတော့ ကျွန်တော်တို့ ကနေ့အထိ ရနေတဲ့သတင်းအခြေအမြစ်တွေအရ လွတ်သွားတဲ့

နောက်နိုင်ငံတကာပိုင်းနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့က အင်တာပိုလ် (Interpol) အဖွဲ့ဝင်နိုင်ငံဖြစ်ပါတယ်။ ဥပဒေကြောင်းအရ ဒီပုဂ္ဂိုလ်တွေကို တရားစွဲမှာပါ။ ထွက်ပြေးလွတ်မြောက်နေတဲ့လူတွေကိုတော့ တရားခံပြေး ကြေညာမှာပါ။ ဒီတရားခံပြေးကြေညာပြီးရင် အင်တာပိုလ်လမ်းကြောင်း (Interpol Chanel)ကနေ ကျွန်တော်တို့ Red Notice ထုတ်မှာပါ။ Red Notice ဆိုတာက အင်တာပိုလ်အဖွဲ့ဝင် (၁၈၈)နိုင်ငံစလုံးဆီ ဒီလူ ဒီပုဂ္ဂိုလ် ဒီအချက်အလက်တွေဖြန့်ပေးပြီးတော့ ဖမ်းဆီးပေးရေးအတွက် ကျွန်တော်တို့ အကြောင်းကြားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာလက်ခံထားတဲ့နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုပေါ်မူတည်ပြီးတော့ ဒီကိစ္စမြန်နိုင်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုနည်းရင် ဒီကိစ္စဟာ အထိုက်အလျောက် အချိန်ကြာနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ ပြည်တွင်း၊ အိမ်နီးချင်းနိုင်ငံနဲ့၊ နိုင်ငံတကာ နည်းလမ်းစုံနဲ့ ဖော်ထုတ်ဖမ်းဆီးရေးကို စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်ခင်ဗျား။

ဦးဇင်ကိုကိုအောင် (မြန်မာနယူးစ်ဝိခ်ဂျာနယ်)

မေး။ ဗုံးပေါက်ကွဲမှုနဲ့ပတ်သက်ပြီး မေးခွန်း(၂)ခု မေးချင်ပါတယ်။ ပထမမေးခွန်းကတော့ အဝေးထိန်းစနစ်တယ်လီဖုန်းနဲ့ ဖောက်ခွဲဖို့ကြိုးစားခဲ့တဲ့ ဖုန်းကတ်နဲ့ ပတ်သက်ပြီးတော့ ရဲတပ်ဖွဲ့ဝင်များရဲ့ ကြိုးစားဖော်ထုတ်ခဲ့တဲ့ဖြစ်စဉ်လေးကို ဖြစ်နိုင်ရင် ပြောပြပေးစေလိုပါတယ်။ နောက်တစ်ခုကတော့ ဗုံးပေါက်ကွဲမှုနဲ့ပတ်သက်ပြီး ကြိုတင်သတင်းရရှိမှု ရှိ မရှိ၊ ရှိခဲ့ပါက ကြိုတင်ကာကွယ်ရန် သတိပေးချက် ထုတ်ပြန်ခဲ့ခြင်း ရှိ မရှိကိုလည်း သိချင်ပါတယ်။

ဖြေ။ ဟုတ်ကဲ့။ ဧပြီလ ၁၅ ရက်နေ့မှာ အဲဒီမဏ္ဍပ်ကို ခွဲမယ်ဆိုတဲ့သတင်းမျိုးတော့ အတိအကျမရပါဘူး။ သို့သော်လည်းပဲ ဗုံးဖောက်ခွဲဖို့ အဖွဲ့တွေ နည်းမျိုးစုံနဲ့ စိမ့်ဝင်ထိုးဖောက် ရောက်ရှိနေတယ်၊ အလစ်အငိုက်ယူပြီး ဖောက်ခွဲလိမ့်မယ်ဆိုတဲ့ သတင်းမျိုးကိုတော့ ကျွန်တော်တို့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကြိုတင်ကာကွယ်ရေးနည်းလမ်းတွေ ဆောင်ရွက်ခဲ့တာပါ။ ဒါပေမယ့်လည်း ရေပက်မဝင် လုံခြုံရေးဆိုတာ ဘယ်နေရာမှ မရှိနိုင်ပါဘူး။ ဒီလိုပဲ အသိပေးပြောကြားလိုပါတယ်။

နောက်တစ်ချက်က ဘယ်ပုံဘယ်နည်းဖော်ထုတ်တယ်ဆိုတာ စောစောက ကျွန်တော် ပြောပြီးပါပြီ။ ကျန်တဲ့အချက်များက Police Procedure များ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး On Going Case တွေဖြစ်ပါတယ်။ ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်များအတွင်း အခြားသော မိတ်ဖက်အဖွဲ့အစည်းများ၊ အချို့အိမ်နီးချင်းနိုင်ငံများနဲ့ ပေါင်းစပ်ပြီးတော့ ပြည်သူတွေရဲ့ အကူအညီနဲ့ ဒီအမှုကြီးကို ဖော်ထုတ်ခဲ့တယ်လို့ပဲ မှတ်သားပေးပါလို့ ပြောကြားပါရစေ။

ဦးမြတ်စိုး (လှိုင်) (လယ်ယာစီးပွားသတင်းဂျာနယ်)

မေး။ ဗုံးပေါက်ကွဲမှုဖြစ်ပြီးပြီးချင်း ပြည်သူထဲမှာ ချက်ချင်းပေါ်လာတဲ့ သတင်းတစ်ခုနဲ့ အခုမိတာနဲ့ ဆက်စပ်ပြီး ကျွန်တော်တို့ ရှင်းလင်းစွာသိအောင် ပြောကြားပေးစေချင်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

အဲဒီနေ့က ဗုံးကိုပစ်လိုက်တာမြင်လိုက်တယ်လို့ ကောလာဟလထွက်လာပါတယ်။ မြင်လိုက်လို့ ဝပ်လိုက်တယ်၊ မှန်ကြတယ်၊ နောက်ထပ် ဗုံးတွေပေါက်သွားတယ်၊ အဲဒီအချိန်မှာပဲ တယ်လီဖုန်းနဲ့က ကိစ္စပြီးပြီလို့ပြောလိုက်တဲ့လူကို ဒီစောင့်ကြပ်နေတဲ့ လုံခြုံရေးအဖွဲ့က ဖမ်းလိုက်တယ်လို့ ဒီလိုသတင်း ချက်ချင်းထွက်လာပါတယ်။ အဲလိုဖမ်းမိတာလား၊ ကွင်းဆက်လိုက်ပြီးမှ ဘယ်နှရက် ဘယ်နှနာရီအကြာမှာ အခုမိထားတဲ့ တစ်ယောက်ကို မိတာလဲဆိုတာသိချင်ပါတယ်။ မိတယ်ဆိုတဲ့လူကလည်း အဲလို သံသယကနေ ဆက်တိုက်လိုက်သွားပြီး မိလာတဲ့ပုဂ္ဂိုလ် ဟုတ်/မဟုတ်ကိုလည်း ရှင်းရှင်းလင်းလင်း သိချင်ပါတယ်။

ဒုတိယအချက်ကတော့ ရှင်းသွားတဲ့အထဲမှာ သူတို့ရဲ့ဌာနချုပ်တည်ဆောက်ပုံ၊ ကြိုးကိုင်တဲ့လူတွေကို သိနေပြီ၊ လမ်းကြောင်းကလည်း ဒီကပဲလာနိုင်တယ်၊ မကြာမတင်မှာလည်း ရွေးကောက်ပွဲကြီးလည်း ပေါ်လာမယ်ဆိုတော့ အဲဒီလိုကိစ္စကြီးကို ကြိုသိထားတဲ့အခါမှာ ကြိုတင်ထိန်းချုပ်ဖို့ အစီအစဉ်တွေ လုံလောက်မှုရှိပါသလား၊ ဒီဟာ ဆောင်ရွက်နေပါပြီလား၊ နောက် ဒီလမ်းကြောင်းကို သူတို့ဟာ ယာဉ်၊ ရထားကိုသုံးတဲ့နည်း၊ တောလမ်းကိုသုံးတဲ့နည်း ဘယ်လိုနည်းတွေနဲ့ ဆောင်ရွက်ထားတယ်ဆိုတာ သိသင့်သလောက် သိချင်ပါတယ်ခင်ဗျား။

ဖြေ။ ကောလာဟလဖြစ်နေတဲ့ သတင်းတွေဟာ မမှန်ပါဘူး၊ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဖော်ထုတ်ပုံ ဖော်ထုတ်နည်းကတော့ တချို့လည်း နည်းပညာအသုံးပြုရတာ ပါပါတယ်။ တချို့လည်း မြေပြင်မှာရှိတဲ့ အထောက်အထားတွေကတစ်ဆင့် မျက်မြင်သက်သေ၊ ကြားသက်သေများနဲ့ ဖော်တာရှိပါတယ်။ အဲဒီကနေ ဒီဖြစ်စဉ်ဖြစ်ပြီး ၇/၈ရက်အတွင်းမှာ သံသယတရားခံကို ကျွန်တော်တို့ စတင်ခြေရာခံမိပါတယ်။ သို့သော် ဒီပုဂ္ဂိုလ်ကို ကျွန်တော်တို့ ဖမ်းဆီးထိန်းသိမ်းခြင်းမလုပ်ပါဘူး။ ပိုပြီးတော့ ခိုင်မာအောင် အခြားသော မျက်မြင်သက်သေ၊ ကြားသက်သေများ၊ စာရွက်စာတမ်း အထောက်အထားများနဲ့ ရှာပါတယ်။ ဥပမာ ပြောနိုင်သလောက်ပြောရရင် ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှာ ဒီကိစ္စကို အကောင်အထည်ဖော်မယ့်၊ ဦးဆောင်အကောင်အထည်ဖော်သွားမယ့် သီဟဇော်ဝင်လာမယ်၊ သူနဲ့အတူတူ အောင်ကြီး(ခ) အုန်းကျော်ငွေး ပါလာမယ်၊ သူတို့တွေဟာ စမ်းချောင်း ငှက်ပျောတောလမ်းမှာ တည်းမယ်၊ ဘယ်နာမည်တွေနဲ့ တည်းမယ်ဆိုတာတွေဟာ သံသယဖြစ်တဲ့ တရားခံရပြီးချိန်မှာ ဒီအချက်တွေကိုလိုက်ပြီး အတည်ပြုတဲ့အခါ ဒါတွေဟာ ကွက်တိမှန်နေတာ တွေ့ရပါတယ်။ ဒါ့ကြောင့် သံသယဖြစ်တဲ့ တရားခံကို တစ်ပတ်လောက်အတွင်းမှာ ခြေရာခံမိပြီးတော့မှ တစ်စတစ်စဖော်ထုတ်ပြီး ဒီတရားခံ သေချာသလောက်ရှိပြီဆိုတော့မှ ဒီတရားခံကို ဖမ်းဆီးထိန်းသိမ်း စစ်ကြောတာဖြစ်ပါတယ်။ ဖြိုးဝေအောင်ကို ဖမ်းဆီးစစ်ကြောတဲ့အခါ သူဘာမှမပြောပါဘူး၊ သို့သော်လည်း ကျွန်တော်တို့ ဖမ်းဆီးထိန်းသိမ်းပြီးတဲ့အချိန်မှာ သူငြင်းလို့မရတဲ့ တကယ် (Concrete Document) တွေ ကျွန်တော်တို့ဆီမှာ ရှိပါတယ်။ အဲတော့ တစ်ချက်သိလို့ တစ်ချက်ထောက်မှ တစ်ချက်ပြောတဲ့အဆင့်ပါ။ သို့သော် သူပြောတယ်ဆိုတာကလည်း ကျွန်တော်တို့ထောက်လို့မရတော့တဲ့အဆင့် တစ်ဝက်လောက်အထိပဲ သူပြောတာပါ။ ကျန်တဲ့ကွင်းဆက်တစ်ခုကို ဆက်ပေးတဲ့ပုဂ္ဂိုလ်က ဒေါ်ရီရီမြင့် ဖြစ်ပါတယ်။ ဒေါ်ရီရီမြင့်ဟာ အောင်ကြီး (ခ) အုန်းကျော်ငွေးရဲ့ဇနီး ဖြစ်ပါတယ်။ သူဟာ ရိုးသားသူတစ်ဦးဖြစ်တော့ ၄-၅-၆ရက်အတွင်းမှာ (Cover Story) လုပ်သွားတာကို သူမသိလိုက်ပါဘူး။ ဒီအပေါ်မှာ အခြေခံပြီး ကျန်တဲ့ဇာတ်လမ်းကို ကျွန်တော်တို့ ဆက်ရတာပါ။ ဒီဇာတ်လမ်း (၂)ခု ပြန်ပြီးဆက်စပ်လိုက်တော့မှ ခုနပြောသလို စတင်စီမံတဲ့ အချိန်ကနေစပြီး ဗုံးပေါက်ကွဲပြီး လူစုခွဲတဲ့အချိန်အထိ အခုလို အဆင့်ဆင့် ဖော်ထုတ်ရယူခဲ့ရတာဖြစ်ပါတယ်။ စောစောကလို ဖော်ထုတ်ပုံ ဖော်ထုတ်နည်းကတော့ နည်းပညာလည်းပါပါတယ်။ ပေါင်းစပ်ညှိနှိုင်းမှုလည်း ပါပါတယ်။ ဒါကတော့ Police Procedure များဖြစ်လို့ ဒီနေရာမှာ အသေးစိတ် မပြောနိုင်တာကို နားလည်ပေးစေလိုပါတယ်။



မော်ကျွန်းစိုးမြင့် (မြန်မာပို့စ်ဂျာနယ်၊ စတားနယူးဂျာနယ်) မေးမြန်းစဉ်။ (သတင်းစဉ်)

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဖြစ်စဉ်တစ်ခုတိုင်း တစ်ခုတိုင်းမှာ လုံခြုံရေးအရ အားဖြည့်ဆောင်ရွက်ရမယ့်အချက်တွေကို အမြဲတမ်းသုံးသပ်ဖော်ထုတ်ပါတယ်။ ဒီဖြစ်စဉ်မှာလည်း ကြံစည်ပုံကြံစည်နည်း၊ ဝင်လာပုံဝင်လာနည်း၊ ကျွန်တော်တို့ရဲ့ လုံခြုံရေးအဖွဲ့တွေကို တိမ်းရှောင်ပုံတိမ်းရှောင်နည်း၊ လက်နက်ခဲယမ်းတွေကို ဝှက်ထားပုံဝှက်ထားနည်း စသည်ဖြင့် ဒီအချက်တွေ အသေးစိတ် ဖော်ထုတ်ရရှိပါတယ်။ ဒီအပေါ်မူတည်ပြီး ကျွန်တော်တို့လစ်ဟာနိုင်မယ်ထင်တဲ့ အချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်တွင်းမှာ ဆောင်ရွက်မယ့် အခြေအနေ၊ အိမ်နီးနားချင်းနိုင်ငံများနဲ့ ဆက်စပ်ဆောင်ရွက်သွားမယ့် အခြေအနေ၊ နိုင်ငံတကာမှာ ဒီပုဂ္ဂိုလ်တွေကို တရားစွဲ တရားခံပြေးလုပ်၊ Red Notice လုပ်ပြီးတော့ ဒီအဖွဲ့အစည်း ပြိုကွဲပျက်စီးတဲ့အထိ ဆောင်ရွက်ခြင်းနည်းအားဖြင့် ကျွန်တော်တို့ရဲ့ နိုင်ငံတော်ရှေ့ခရီး အနှောင့်အယှက်ကင်းအောင် ဆောင်ရွက်ရန် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်ခင်ဗျား။

ဦးလင်းဘိုဘို (Open News ဂျာနယ်)

မေး။ ဒီ X_2O မဏ္ဍပ် ဗုံးပေါက်ကွဲမှုမှာ ဖော်ထုတ်ဖမ်းဆီးရမိတဲ့ တရားခံတွေရယ်၊ သူတို့ရဲ့နောက်ခံ ဆက်စပ်အဖွဲ့အစည်းတွေရယ်ဟာ ဧပြီလအတွင်း မြန်မာနိုင်ငံတစ်ဝန်းမှာဖြစ်ခဲ့တဲ့ အခြားဗုံးပေါက်ကွဲမှုတွေနဲ့ ဆက်စပ်မှု ရှိ၊ မရှိ သိချင်ပါတယ်။

ဖြေ။ ကျွန်တော်မှတ်မိသလောက်ကတော့ ဒီဧပြီလအတွင်းမှာ ပေါက်ကွဲမှုအကြီး အသေး (၁၀)ကြိမ်လောက် ဖြစ်ခဲ့တယ်။ ဆက်စပ်မှုရှိသလားဆိုတော့ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းပေါင်းစုံရဲ့ အစည်းအဝေးကကျလာတဲ့ မဟာဗျူဟာစစ်ရေးလမ်းစဉ်ကတော့ အတူတူပဲ။ ဒီဖောက်ခွဲရေးတွေ လုပ်ဖို့ပါပဲ။ သို့သော်လည်း ဒါကို အကောင်အထည်ဖော်တဲ့အခါမှာ အကောင်အထည်ဖော်ပုံ ဖော်နည်း၊ ဖော်သွားတဲ့ အဖွဲ့အစည်းကတော့ မတူပါဘူး။ ဒီ X_2O မဏ္ဍပ်ကို ဖောက်ခွဲသွားတာက VBSW ပါ။ ဒီမတိုင်မီ ရန်ကုန်မှာ ရွှေပေါက်ကံတို့၊ မင်္ဂလာဒုံတို့ စသည်ဖြင့် ၂၀၀၉ စက်တင်ဘာလောက်က စက်မှုဇုန်တွေမှာ ဗုံး(၇)လုံး ပေါက်ကွဲသွားတာ VBSW က လွှတ်လိုက်တဲ့ PGF (People's Guerilla Front) က လုပ်တာပါ။ ဒီဧပြီလအတွင်းမှာပဲ တောင်ငူ သောက်ရေခပ် ရေအားလျှပ်စစ်စီမံကိန်းနေရာကို လှမ်းပြီးပစ်တာက KNU တပ်မဟာ(၂) ရင်း(၆)ကပါ။ ဒါလဲ သူတို့ကိုယ်တိုင် တွေ့ဆုံမေးမြန်းခန်းတွေလုပ်သွားပြီးသားပါ။ ဒီလိုပဲ ကျောက်တံခါးဘက်မှာ လုပ်သွားတဲ့ကိစ္စ၊ လွယ်ဟော်ဘက်မှာ ဖြစ်သွားတဲ့ကိစ္စ ဒါတွေလဲ ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော်တို့ ဖော်ထုတ်အစဖော်ရရှိနေပါတယ်။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့ ဖမ်းဆီးတယ်ဆိုတာ သေချာရေရာတဲ့ Concrete Document မရှိရင် လုပ်လို့မရပါဘူး။ ဒါ့ကြောင့်မို့ ဒီမဟာဗျူဟာ ရည်မှန်းချက်ကတော့တူတယ်။ သို့သော် အကောင်အထည်ဖော်တာတွေကတော့ ကွဲကြတယ်။ တစ်ခုနဲ့တစ်ခု ဆက်စပ်သလားဆိုတော့ ခုဧပြီမှာ X_2O လုပ်သွားတာက VBSW၊ သောက်ရေခပ်ကိုပစ်သွားတာက KNU တပ်မဟာ(၂) ရင်း(၆) ဖြစ်စဉ်မှာဖြစ်တဲ့ ကိစ္စကတော့ ဒါနဲ့မဆက်စပ်ဘူး၊ သီးခြားတစ်ခုသပ်သပ် ဖြစ်ပါတယ်။ ဒါလဲ ကျွန်တော်တို့ ဖော်ထုတ်ဆဲဖြစ်ပါတယ်။ လိုအပ်ချိန်မှာ ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

ဦးဆန်းငြိမ်းသော် (မော်ဒန်ဂျာနယ်) မေးမြန်းစဉ်။ (သတင်းစဉ်)



ဦးမြတ်ခိုင် (လျှပ်တစ်ပြက်ဂျာနယ်) မေးမြန်းစဉ်။ (သတင်းစဉ်)

ဦးဖိုးနိုင်လင်း (ပေါ်ပြူလာနယူးစ်ဂျာနယ်)

မေး။ ကျွန်တော်သိချင်တာက ဒီဗုံးတွေနဲ့ပတ်သက်ပြီး ပြည်သူတွေအတွက် ပညာပေးအစီအစဉ်များ လုပ်ဖို့ရှိပါသလား၊ တကယ်လို့ မတော်တဆလမ်းသွားရင်းနဲ့ ဗုံးလို့မသင်္ကာရတဲ့ အရာဝတ္ထုတစ်ခုကို တွေ့ရှိမယ်ဆိုရင် အဲဒါကိုဗုံးပဲလား၊ ဗုံးမဟုတ်ဘူးလား၊ အဲဒါမျိုးပြည်သူတွေ ကွဲကွဲပြားပြားသိစေဖို့ ပညာပေးအစီအစဉ်တွေ လုပ်ဖို့ရှိပါသလား၊ တကယ်လို့များ သတင်းပေးချင်တယ်ဆိုလို့ရှိရင်ကော အင်ဖော်မေးရှင်းစင်တာ ရှိပါသလား၊ ဒါမှမဟုတ် Hot Line ဖုန်းနံပါတ်တွေ တစ်ခုခုများ အစီအစဉ်လုပ်ဖို့ ရှိပါသလား။

ဖြေ။ ဒါကို ကျွန်တော်တို့ ထည့်သွင်းစဉ်းစားပေးပါမယ်။ ဒုတိယအချက်ကတော့ သတင်းပေးချင်ရင် ၁၉၉ အစီအစဉ်ရှိပါတယ်။ သက်ဆိုင်ရာတိုင်းနယ်မြေအတွင်းမှာ တိုင်းနယ်မြေတွေကထုတ်တဲ့ စာစောင်တွေ၊ ဂျာနယ်တွေ၊ မှူခင်းဂျာနယ်တွေမှာ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေ ပေးထားပါတယ်။ ဒါ့အပြင် အခုထပ်ပြီး အကြံပြုသွားတဲ့ သတင်းပေးစနစ်ကိုလည်း ဒီဖြစ်စဉ်ပေါ်မှာမူတည်ပြီး ထပ်မံတိုးချဲ့ဆောင်ရွက်သွားပါမယ်။ မကြာခင်လည်း ဒီဟာနဲ့ပတ်သက်ပြီး အချိန်တိုအတွင်း အသိပေးအကြောင်းကြားပါမယ်လို့ ဖြေကြားလိုပါတယ်။

ဦးဆန်းငြိမ်းသော် (မော်ဒန်ဂျာနယ်)

မေး။ ဗုံးကွဲမှုဖြစ်စဉ်တွေမှာ တချို့ဆက်စပ်မှုရှိပေမယ့် တချို့ကတော့ အဖွဲ့အစည်းတွေ ဆက်စပ်မှုမရှိဘူးဆိုတာ နားလည်ရပါတယ်။ ခုနဖြစ်စဉ် ဗုံးကွဲတာမျိုး၊ သောက်ရေခပ်ကို လက်နက်ကြီးနဲ့ပစ်တာမျိုး၊ ကျောက်တံခါးကို ဗုံးခွဲတာမျိုး အဲဒါ ဆက်စပ်တဲ့အဖွဲ့တွေနဲ့ ဘယ်အဖွဲ့က ဘာကြောင့်လုပ်တယ်ဆိုတာ သိချင်ပါတယ်။

ဖြေ။ ဒီ X_2O မဏ္ဍပ် ဧပြီလ ၁၅ ရက်နေ့ ဖြစ်စဉ်ကတော့ရှင်းပါတယ်။ ဒါ VBSW အဖွဲ့ကလုပ်တာ၊ သောက်ရေခပ်ဖြစ်စဉ်ကတော့ KNU တပ်မဟာ(၂) ရင်း(၆)၊ ခွဲ(၁)က ပစ်သွားတာဖြစ်တယ်။ ကျောက်တံခါးကိစ္စပြောဖို့ကတော့ စုံစမ်းဖော်ထုတ်ဆဲဖြစ်ပါတယ်။ ကျွန်တော်တို့မှာ အဖြေရထားပါတယ်။ ဖြစ်စဉ်ကိစ္စနဲ့ပတ်သက်ပြီး အားလုံးသိတဲ့အတိုင်း နေရာ(၄)နေရာမှာ ဗုံးတွေကွဲသွားတာပါ။ ကျွန်တော်တို့ ဖော်လို့ရတဲ့ ဗုံးတွေလည်း အများကြီးရှိပါတယ်။ ဒီမတိုင်မီ မတ်လ (၁၃)ရက်နေ့က ဇန်းမော်ဘက်မှာ လုံခြုံရေးတာဝန်ယူထားတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က မသင်္ကာတဲ့ ပုဂ္ဂိုလ်တွေကို ဖမ်းဆီးစစ်ဆေးတဲ့အခါ ဗုံးအလုံး(၃၀) ရမိခဲ့ပါတယ်။ အဲဒီဗုံးအလုံး (၃၀)နဲ့ပတ်သက်တဲ့ စစ်ကြောချက်များအရ ဘယ်သူဘယ်ဝါ ဘယ်အဖွဲ့အစည်းဆိုတာ ကျွန်တော်တို့ဆီမှာ ရှိပါတယ်။ အဲဒီအလုံး(၃၀)နဲ့ အခုကွဲသွားတဲ့ ဗုံးတွေနဲ့အတူတူပဲ ဖြစ်ပါတယ်။ ဒါဘယ်ကလာတယ်ဆိုတာ အလျဉ်းသင့်တဲ့အချိန်မှာ ထပ်မံရှင်းပြသွားပါမယ်။ ဒါအဆုံးမသတ်သေးတဲ့ On Going Case ဖြစ်တဲ့အတွက် ဒါလောက်နဲ့ပဲ နားလည်ပေးဖို့ ပြောကြားလိုပါတယ်။

မော်ကျွန်းစိုးမြင့် (မြန်မာပို့စ်ဂျာနယ်၊ စတားနယူးစ်ဂျာနယ်)

မေး။ နိုင်ငံရေးရွေးကောက်ပွဲနဲ့ ဆက်စပ်ပြီးတော့ အကြမ်းဖက်ဗုံးဖောက်ခွဲမှု၊ သတ်ဖြတ်မှုဖြစ်လာတာတွေ သဘောကို နားလည်ပါတယ်။ ကျွန်တော်တို့က ပါတီစုံပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲကို တွေ့ကြုံခဲ့ရတဲ့အတွက် အဲဒီကာလတုန်းကလည်း သွေးချောင်းစီး အကြမ်းဖက်မှုတွေရှိခဲ့ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့က လာမယ့်ရွေးကောက်ပွဲနဲ့ ရွေးကောက်ပွဲလွန်ကာလမှာ ဒီလိုအကြမ်းဖက်သတ်ဖြတ်မှုတွေကို စိုးရိမ်ပူပန်ပါတယ်။ အဲတော့ ထိထိမိမိ လုံခြုံရေးနည်းလမ်းနဲ့ ဘယ်လိုပြင်ဆင်ကာကွယ်မယ်၊ အခြားနည်းလမ်းနဲ့ရော ပြည်သူတွေ လုံခြုံအောင်၊ အေးချမ်းအောင် စီစဉ်ဆောင်ရွက်မှုရှိသလဲဆိုတာ သိပါရစေ။

ဖြေ။ ကျွန်တော်တို့အနေနဲ့ အကြမ်းဖက်သမားတွေ၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းတွေ သူတို့ရဲ့ ရည်မှန်းချက်တာဝန် မအောင်မြင်အောင် ကျွန်တော်တို့ နည်းမျိုးစုံနဲ့ ဆောင်ရွက်သွားမှာပါ။ ဆောင်ရွက်တဲ့အခါမှာလည်း ပြည်တွင်းမှာ ဆောင်ရွက်တဲ့နည်း၊ နယ်စပ်အိမ်နီးချင်းနိုင်ငံနဲ့ ဆောင်ရွက်တဲ့နည်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ ဆောင်ရွက်တဲ့နည်း ဒါတွေကို ပြောပြီးပါပြီ။ ဒါက Law Emforcement တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်တဲ့ အဖွဲ့အစည်းတစ်ခုတည်း သက်သက် ဆောင်ရွက်တဲ့ကိစ္စပါ။ ဒါ့အပြင် အုပ်ချုပ်မှုနည်းလမ်းအရ၊ သံတမန်နည်းလမ်းအရ ဖြည့်စွက်ပြီးတော့လည်း လုံခြုံမှု ကြိုးပေါက်စေတဲ့ကိစ္စတွေ၊ ကျွန်တော်တို့ တိုင်းပြည်ရဲ့ တရားဥပဒေစိုးမိုးရေး ပျက်ယွင်းစေမယ့် ကိစ္စတွေ၊ ပြည်သူတွေ အထိတ်တလန့်ဖြစ်စေမယ့် ကိစ္စတွေမဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဦးမြတ်ခိုင် (လျှပ်တစ်ပြက်ဂျာနယ်)

မေး။ ဗုံးပေါက်ကွဲမှုနဲ့ ပတ်သက်ပြီး ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာလင်းယုန်ရဲ့သား ကိုဇေယျနဲ့ သူ့ရဲ့သား ကိုစည်သူတို့ကို ဖမ်းဆီးထိန်းသိမ်း စစ်ကြောမေးမြန်းတယ်လို့ သိရပါတယ်။ သူတို့ဟာ ဗုံးပေါက်ကွဲမှုနဲ့ ပတ်သက်မှုရှိ၊ မရှိ သိလိုပါတယ်။

ဖြေ။ အဲဒါက စောစောကပြောတဲ့ ကောလာဟလနဲ့ ဆက်စပ်ပြီးဖြစ်တဲ့ကိစ္စပါ။ ဗုံးကွဲပြီးတဲ့အချိန်မှာ လူတစ်ဦးရောက်လာပါတယ်။ ဒီမြင်ကွင်းကို ဗီဒီယိုနဲ့ မှတ်တမ်းတင်ပြီး သူ့ဖခင်ဆီကို တယ်လီဖုန်းနဲ့ အကြောင်းကြားပါတယ်။ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဖြစ်စဉ်ဖြစ်ပြီးရင် ဒီဖြစ်စဉ်အတွင်းမှာရှိတဲ့ မသင်္ကာဖွယ်ရာအားလုံးကို ခေါ်ယူစစ်ဆေးရပါတယ်။ လတ်တလော သူ့ကို စစ်ဆေးမေးမြန်းနေဆဲဖြစ်ပါတယ်။ သူ့မှာ ဘာမှဆက်စပ်မှုမရှိဘူးဆိုရင် မရှိသလို ကျွန်တော်တို့ ဥပဒေနည်းလမ်းအရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လောလောဆယ်တော့ ဒါ On Going ကိစ္စ စစ်ဆေးမေးမြန်းဆဲ ဖြစ်ပါတယ်။ ။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ X_2O ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် ကိုယ်တိုင်ကျူးလွန်ခဲ့သူများအနက် တစ်ဦးကို ဖမ်းဆီးရမိပြီး နောက်ကွယ်မှ အထောက်အကူပြု ကြိုးကိုင်နေသူများအား ဖော်ထုတ်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် မေ ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကြိမ် (၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

သဘာပတိ

တတိယနေ့အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က ဆောင်ရွက်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာ၊ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အတည်ပြု

အစည်းအဝေးတွင် လုပ်ငန်းအကြံပြုချက်များ၊ တင်ပြချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးကြပြီး ဆုံးဖြတ်ချက် (၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၁၅)ရပ်တို့ကို ချမှတ်အတည်ပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့များသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၁၀သိန်းစီနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အာဟာရစီမံချက်ဝင် မြို့နယ် (၃၁)မြို့နယ်အတွက် တစ်မြို့နယ်လျှင် ငွေကျပ် ငါးသိန်းစီထောက်ပံ့ငွေများကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာတို့က ပေးအပ်ကြသည်။

ကျင်းပပြီးစီး

ထို့နောက် သဘာပတိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က နိဂုံးချုပ် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၇မှ

နောက်ဆုံးမှာ ၂၀၁၀ရွေးကောက်ပွဲပျက်အောင်ဆိုတဲ့ ဆန့်ကျင်ဘက် အဖွဲ့ပေါင်းစုံ စုစည်းအကောင်အထည်ဖော်နေတဲ့ မဟာဗျူဟာကြီးကနေ ဆင်းသက်လာတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ အဓိကကျတဲ့ အချက် (၂)ချက်ကို ထုတ်နုတ်တင်ပြရရင်-

ပထမအချက်အနေနဲ့ ၂၀၀၉ခုနှစ် ဒီဇင်ဘာလ ၃၀ရက်နေ့မှ ၂၀၁၀ ဇန်နဝါရီလ ၅ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင် နယ်စပ်တစ်နေရာမှာ KNU က ဦးဆောင်ပြီး ABSDF၊ NDF၊ DAB၊ DPNS၊ KYO၊ NLD (LA)၊ NCUB စတဲ့ ဆန့်ကျင်ဘက် အဖွဲ့အစည်း ၂၀ကျော်က ခေါင်းဆောင်တွေအပါအဝင် ကိုယ်စားလှယ် ၇၀ခန့်နဲ့ စိစစ်ဆဲ နိုင်ငံခြားသားအချို့တွေ့ဆုံပြီး မျက်နှာစုံညီ အစည်းအဝေး ပြုလုပ်ခဲ့ကြပါတယ်။ အဲ့ဒီအစည်းအဝေးမှာ အစိုးရတပ်စခန်းတွေကို အလစ်အငိုက် ဝင်တိုက်ဖို့၊ နယ်စပ်မြို့တွေကို ၂၀၁၀ရွေးကောက်ပွဲမတိုင်မီ လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်ဖို့၊ ၂၀၁၀ ရွေးကောက်ပွဲပျက်ပြားစေဖို့၊ အဓိကထားဦးတည်ဆောင်ရွက်ဖို့၊ အထူးရွေးချယ် လေ့ကျင့်ထားသူတွေ၊ မိုင်းစစ်ဆင်ရေး ကျွမ်းကျင်သူတွေကို သီးခြားစုဖွဲ့ တာဝန်ပေးအပ်ပြီး ဖောက်ခွဲရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ စတာတွေကို ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါ့အပြင် ၁၉-၁-၂၀၁၀ရက်နေ့မှာ ထိုင်းနိုင်ငံ မဲဆောက်မြို့အနီးရှိ ရွာတစ်ရွာရဲ့ DPNS ရုံးမှာ ဥက္ကဋ္ဌအောင်မိုးဇော်၊ မိုးသီးဇွန်တို့ အပါအဝင် အင်အား ၂၃ဦးခန့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရာ မိုးသီးဇွန်က-

"နိုင်ငံတော်အစိုးရအပေါ် စစ်ရေးအရ အရေးယူဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အဓိကလုပ်ရမယ့် သော့ချက်က ဖောက်ခွဲဖျက်ဆီးရေး ဖြစ်ကြောင်း၊ KNU၊ABSDF၊ DAB တို့နဲ့ ပေါင်းစပ်ကျွမ်းကျင်မှုသင်တန်းများပေး၍ အသေးစိတ် Electronic မိုင်းများ ပြုလုပ်တပ်ဆင်ဖောက်ခွဲရန်နဲ့ ဒီလုပ်ငန်းတွေကို အမြန်ဆောင်ရွက်ရမယ်လို့ ပြောကြားခဲ့ကြောင်း" ခိုင်မာစွာ ဖော်ထုတ်သိရှိရပါတယ်။

ဒုတိယအချက်အနေနဲ့ ဧပြီလ ၂၆ရက်နေ့မှ ၂၇ရက်နေ့အထိ မဲဆောက်မြို့နယ်အတွင်းမှာရှိတဲ့ ရွာတစ်ရွာမှာ KNU မှ တာမလာဘော၊ မူတူးစေးဖိုး၊ ဒေးဗစ်တာကပေါတို့နဲ့ KNU တပ်မဟာ (၁/၂/၃/၄/၅/၆/၇) တပ်မဟာမှူးများ၊ ပြည်ပရောက် ကချင်အမျိုးသားတပ်မတော်၊ CNF၊ ALP၊ PPLO၊ NDF၊ ABSDF၊ DAB၊ KNPP၊MLOB၊ SSA-S၊ NCUB နဲ့ NCGUB စတဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းများက အဖွဲ့ဝင် ၆၀ခန့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ အစိုးရရုံးဌာန၊ စီးပွားရေးလုပ်ငန်းများ၊ ရေကာတာစီမံကိန်းများကို ဖျက်ဆီးဖို့ မြို့ပြစစ်ဆင်ရေးနှင့် အနီးကပ်ပြောက်ကျားစစ်ဆင်ရေးတွေမှာ ၂၀၁၀ရွေးကောက်ပွဲ ပျက်သုဉ်းစေရေးအတွက် ဆောင်ရွက်မည့်အစီအမံများ စတာတွေကို ထပ်မံဆွေးနွေးအတည်ပြုခဲ့ကြကြောင်း ဖော်ထုတ်သိရှိရပါတယ်။ ဒီလိုရည်ရွယ်ချက်တွေရှိတဲ့ အစည်းအဝေးတွေကို ဦးဆောင်ကျင်းပခဲ့တဲ့ အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်ကတော့ KNU ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဖြစ်စဉ်ဟာ နိုင်ငံတော်ဆန့်ကျင်ရေး ၂၀၁၀ရွေးကောက်ပွဲ ပျက်သုဉ်းရေးအတွက် အကြမ်းဖက်အဖွဲ့အစည်းတွေ စုစည်းပြီး မဟာဗျူဟာ၊ နည်းဗျူဟာ၊ စစ်ရေးရည်မှန်းချက်နဲ့ နိုင်ငံရေးရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်ကြီးရဲ့ ရှေ့ပြေးအစီအစဉ်တစ်ခုသာ ဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျာ-

ကျွန်တော်တင်ပြပြီးဖြစ်တဲ့ ရန်ကုန်မြို့ X_2O သင်္ကြန်မဏ္ဍပ်ဖောက်ခွဲရေး ဖြစ်စဉ်ကို ကြည့်မယ်ဆိုရင် အကြမ်းဖက်အဖျက်သမားတွေဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ပြည်သူတွေ တုန်လှုပ်ချောက်ချားအောင်နဲ့ နောက်ဆုံးမှာ ၂၀၁၀ရွေးကောက်ပွဲကြီး ပျက်ပြားသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်ပေါ်မှာ အခြေခံပြီး နိုင်ငံပိုင် အဆောက်အအုံတွေ၊ လမ်းတံတားတွေ၊ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်တွေ၊ အိုးအိမ်စည်းစိမ်တွေ ဘယ်လိုပဲ ထိခိုက်ပျက်စီးပါစေ ထည့်သွင်းစဉ်းစားတော့မှာမဟုတ်ဘဲ ထင်ရာစိုင်းတဲ့ အဖျက်သမားလူသတ်ဝါဒကို ဆက်လက်ဆောင်ရွက်နေဦးမှာဖြစ်တယ်ဆိုတာ သိသာထင်ရှားလှပါတယ်။ ဒါကြောင့် မိဘပြည်သူအပေါင်းဟာ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ ဒီလုပ်ရပ်ဆိုးတွေကို အောင်မြင်စွာ တွန်းလှန်ဖယ်ရှားသွားနိုင်မှာဖြစ်ပါကြောင်း အသိပေးပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၈-၅-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
- ၇း၀၅ နိုင်ငံတော်သီချင်း+ ကြေညာချက်တရားတော် **(မောရသုတ်+ ဝဋ္ဋသုတ်)**
- ၇း၃၀ မဓ္ဓပူဇာတေးပဒေသာ
- ၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း နံနက်ခင်းတေးပဒေသာ
- ၈း၃၀ လောကနီတိအသိရှိစေဖို့ (ပညာရှိကိုဆိုရာ အပိုင်း-၁) တေးပဒေသာ
- ၈း၄၀ ဘဝအသွင်ကဗျာ့အမြင် (ခရီးသည်) တေးပဒေသာ
- ၁၀း၀၀ မွေးနေ့လက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-စံပြလုလင်ပုံပြင်)
- ၁၁း၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ **(သေကံမရောက်သက်မပျောက်)** တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၄၈)
- ၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (အိုးလုပ်ငန်း)
- ၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၃၀ သောတရှင်လိုရာတေး
- ၁၇း၀၀ လေလှိုင်းကြားကပဲ့တင်သံ
- ၁၇း၁၅ တေးပဒေသာ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ ခေတ်မရွေးသောတေးများ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
- ၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၁၉း၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၀ တေးပဒေသာ
- ၁၉း၁၅ သူ့အကြိုက်သူ့အသွင်(မိုးမိုး)
- ၁၉း၃၀ ကျန်းမာရေးရာသိကောင်းစရာ (ရှောက်သီး၏စွမ်းပကား) တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
- ၂၀း၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
- ၂၀း၄၅ ညချမ်းချိန်ခါတေးပဒေသာ
- ၂၁း၀၀ Radio Internet(17)
- ၂၁း၁၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အမှတ်(၁၈)၊ ဈေးပိုင်းရပ်၊ အနောက်မြို့ပတ်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်**(PNO)က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၆-၅-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ၏ အလံပုံစံ



ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကုန်ပစ္စည်း မိတ်ဆက်ရှင်းလင်းပွဲနှင့် အရောင်းမြှင့်တင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၆

CONCORDIA Int'l Co., Ltd. က တစ်ဦးတည်း ဌာနေကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိရောင်းချသော Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ်ပစ္စည်းများဖြစ်သော မျက်စိဆေးခန်းသုံး၊ မျက်မှန်ဆိုင်သုံး၊ ခွဲခန်းသုံးပစ္စည်းများ မိတ်ဆက်ပွဲနှင့် အရောင်းမြှင့်တင်ပွဲကို ရန်ကုန်မြို့ Park Royal Hotel ၌ မေ ၈ရက် (စနေနေ့)နှင့် မန္တလေးမြို့ Mandalay Hill Resort Hotel ၌ မေ ၁၁ရက် (အင်္ဂါနေ့)တို့တွင် ကျင်းပမည်ဖြစ်သည်။

ရှင်းလင်းပြောကြား

အဆိုပါ အခမ်းအနားတွင် Topcon (Japan) မှ Product Managing Director Mr. Gary Chow က ကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး မိတ်ဆက်ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်။

မိတ်ဆက်ရှင်းလင်း

အဆိုပါပြပွဲတွင် မျက်မှန်ဆိုင်များ၌ အသုံးပြုသော Lens Meter, Auto Chart Projector, Trial Lens Set & Frame, Auto Refracto Kera-

tometer, Non Contact Tonometer & Refraction Unit များနှင့် မျက်စိဆေးခန်း ခွဲစိတ်ခန်းတွင်အသုံးပြုသော Digital Slit Lamp, Auto Refracto Keratometer, Non Contact Tonometer, Retinal Camera, Perimeter, Operation Microscope များ၊ နောက်ဆုံးပေါ် မျက်စိခွဲစိတ်ရာတွင် အသုံးပြုသော Operation Microscope (OMS-710)၊ မျက်မှန်သွေးရာတွင် အသုံးပြုသော Auto Lens Edger၊ မျက်မြင်လွှာ ဓာတ်ပုံရိုက်ရာတွင် အသုံးပြုသော Non Matric Retinal Camera များ၊ ရေတိမ်ရောဂါ၊ ဆီးချိုရောဂါတို့ကြောင့် မျက်စိကွယ်တတ်သည့် ရောဂါများနှင့် မျက်စိ၏မြင်လွှာ (Retina)၏ ဖြစ်တတ်သောရောဂါများကို 3D OCT-2000 (Optical Coherence Tomography) စက်များအကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

အသေးစိတ် သိရှိဝယ်ယူလိုပါက ၃-၅လွှာ ရွှေဂုံပလာဇာ (ရွှေဂုံတိုင်မီးပွိုင့်အနီး) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၀၀၂၆၊ ၅၄၉၄၄၄၊ ၅၅၈၃၁၀၊ ၅၅၈၀၇၀၊ Hot Line - ၇၃၀၀၉၂၂၀၊ Fax - ၅၄၄၁၉၉၊ ၅၄၄၈၂၄၊ E.mail-Concordia@ myanmar.com.mm၊ မန္တလေး အမှတ်(၅) မြေညီထပ် ၇၇-၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀၆၇၁၇၂၊ Hot Line -၀၂-၉၁၀၀၁၉၆၅၊ Fax: ၀၂-၈၉၅၇၁၊ E.mail.Cilmdy@myanmar.com.mm တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးဆွေးနွေး

ရန်ကုန် မေ ၆

မြန်မာ-အိန္ဒိယနယ်စပ် ရိခေါ်ဒါမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါပညာပေး ဟောပြောပွဲကို မေ ၂ရက် နံနက်ပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဗဟို)မှ ဦးဝင်းမြင့်၊ စစ်ကိုင်းတိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်း

ဟောပြောပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ၊ ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားပါက ထိန်းချုပ်ရမည့် အစီအမံများ၊ ဇီဝလုံခြုံမှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ပညာပေးဆွေးနွေးပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းကာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုစွမ်းခိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ရိခေါ်ဒါမြို့ရှိ နယ်စပ်ကုန်သွယ်ရေးရုံးသို့ သွားရောက်၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်းနေ
ဦးတင်ဝင်း-ဒေါ်ခင်နှင်းဦးတို့၏ တစ်ဦးတည်းသောသား

Capt. ကျော်စိုးနိုင်
Master Mariner F.G
Gewin Maritime Co., Ltd., Tokyo, Japan

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်းနေ ဦးသန်းထွဋ်-ဒေါ်တင်တင်အေးတို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာကေသွယ်ထွဋ်
M.B.,B.S(Ygn)

တို့၏ ၂၉-၄-၂၀၁၀ရက် Park Royal Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ လည်းကောင်း၊ ၁-၅-၂၀၁၀ရက် ပဏ္ဍိတာရာမရွှေတောင်ကုန်းကျောင်း မင်္ဂလာဦးဆွမ်းကျွေး အလှူ၌လည်းကောင်း၊ ၂-၅-၂၀၁၀ရက် Traders Hotel တွင် ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲတို့၌ ကြွရောက်၍ အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော တရားရုံးချုပ်တရားသူကြီး ဦးတင်အေးနှင့်ဇနီးဒေါ်စိုးခင်အေး၊ အသိသက်သေများဖြစ်ကြသော ရေကြောင်းအရာရှိ(ငြိမ်း) မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းမှ Capt.ဦးဝင်းမြင့်ထွန်းနှင့်ဇနီး၊ တွဲဖက်ပါမောက္ခ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးဦးဟန်နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပါမောက္ခချုပ်(ငြိမ်း) ဆေးတက္ကသိုလ်(၁)ပါမောက္ခ ဒေါက်တာ ဦးအေးမောင်ဟန်နှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပေးသော ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်ထပ်ဆင့်အကယ်ဒမီ ဦးရဲအောင်အားလည်းကောင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သမီးငယ် ဟေသာဇင်ဇင်ထွန်း၊ သားငယ် ကောင်းသန့်ကျော်သူ၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာစုသီရိဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မစုနေခြည်နီး၊ သတို့သားအရံ ဒုတိယရေကြောင်းအရာရှိများဖြစ်ကြသော မောင်မျိုးသူရှိန်၊ မောင်သက်အောင်စိုး၊ သတို့သမီးအရံ ဒေါက်တာစုမွန်သွယ်၊ ဒေါက်တာစိမ့်စိမ့်ထက်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဟေမာနေဝင်း၊ ဦးသိန်းမြင့်သန်းတေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော တော်ဝင်သူ(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်း၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင် ဦးထိန်လင်း(စိန်လင်းကျော်ဓာတ်ပုံဗီဒီယိုရိုက်ကူးရေး-မုံရွာ)နှင့် ဦးထင်လင်း(Professional Photographer)၊ ညစာစားပွဲကျင်းပပြုလုပ်သော Park Royal Hotel မှ ဒေါ်ဗစ်ကီသင်းမြတ်ကြိုင်နှင့် ဒေါ်ချစ်ချစ်နိုင်၊ သီဆိုဖျော်ဖြေပေးသော ဩရသတေးဂီတအဖွဲ့နှင့် ညှော်ခံပွဲများဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေး၍ တက်ရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
Capt. ကျော်စိုးနိုင်-ဒေါက်တာကေသွယ်ထွဋ်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမျိုးမြင့်-ဒေါ်မြင့်မြင့်သိန်း(စိန်မှျားဆေးပေါ့လိပ်)တို့၏တူ၊
ပဲခူးမြို့ အမှတ် ၄၅၀ စိန်မှျားခြံနေ
ဦးခင်မောင်ဇင်-ဒေါ်မြင့်မြင့်စန်းတို့၏ တစ်ဦးတည်းသောသား

မောင်ပြည့်ဖြိုးအောင် B.P.A (Y.I.E)

နှင့်

ပဲခူးမြို့ တိုက် (၂)၊ အခန်း (၁၆)၊ လိပ်ပြာကန် အိမ်ရာနေ
ဦးမောင်မောင်ဆက်-ဒေါ်ကြူကြူသန်း(တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး၊ပဲခူး)တို့၏
တစ်ဦးတည်းသောသမီး

မစိုးဆက်ပိုင် B.Econ (Stats;) (Y.I.E) L.C.C.I Level (III)

တို့၏ ၁-၅-၂၀၁၀ရက်(စနေနေ့)တွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးမြဝင်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်မြင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းပေးပါသော ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့်ဇနီး ဒေါ်စမ်းစမ်းမိုးတို့အား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် မခိုင်သဉ္ဇာ၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်း ကိုင်ပေးပါသော မအင်ကြင်းခင်နှင့် မယုမော်တို့အား လည်းကောင်း၊ ပန်းအလှပြင် မလေးရှား သန်းမြင့်နှင့်အဖွဲ့၊ ဓာတ်ပုံဗီဒီယို မိုးကိုဦးနှင့်အဖွဲ့၊ မိတ်ကပ်အလှပြင် ရွှေကြည်နှင့်အဖွဲ့ တို့အား လည်းကောင်း၊ သတို့သားအရံ မောင်တေဇာထွန်းနှင့် သတို့သမီးအရံ မဇေဇေထူး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော တေးသံရှင် ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးပါသော တေးသံရှင်မရွှေရွှေခိုင် (နည်းပြ-ယဉ်ကျေးမှုတက္ကသိုလ်)၊ ဂီတမှူး ကိုပိစိ အဖွဲ့နှင့် တေးသံရှင်များအား လည်းကောင်း၊ စက်ကိရိယာများအား မေတ္တာဖြင့် ကူညီပေးသော ကိုချာတိတ်၊ ကိုနိုင်၊ ကိုရဲထွဋ်နှင့် စိန်မှျား(ဓမ္မအသံ)အဖွဲ့သားများ၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ သရီးဖိုက်ဟိုတယ်၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟနှင့် သူငယ်ချင်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီကြသော စိန်မှျားမိသားစု ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ပြည့်ဖြိုးအောင်-မစိုးဆက်ပိုင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်ကျော်သူ CDC-၅၄၇၅၂ ၏ SID ကတ် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၆၉၁၈၁၁၊ ၇၃၀၁၀၀၁၇။

ပျောက်ဆုံးကြောင်း

ကျွန်မ မအင်ဆောင်ပန်စောမ့်၏ နိုင်ငံကူးလက်မှတ် ဇ၆၀၉၈၉ မှာ ခရီးသွားရင်း ပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း-၀၉-၅၃-၈၅၅၇၈။

ပျောက်ဆုံးကြောင်း

ကျွန်တော် ရဲမြင့်အောင် CDC အမှတ် ၅၅၆၂၀၏ 4 ticket ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀-၉၂၄၉၆။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် နေလင်းထွန်း CDC - ၆၉၉၂၁၏ EDH လက်မှတ် ခရီးသွားရင်း ပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

နေလင်းထွန်း
ဖုန်း-၀၉-၅၀-၂၂၃၈၈။

အမည်ပြောင်း

အဖ ဦးသက်နိုင်ထွန်း၏ သား ဗဟန်းမြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်းလွန်ကျောင်း (Grade-1)မှ မောင်ဇော်ရဲထက်အား မောင်ဘုန်းမြတ်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဘုန်းမြတ်ဟိန်း။

စာအုပ်စာပေ လူ့မိတ်ဆွေ

'ချစ်အာရုံ' တေးသီချင်းနှင့်ပတ်သက်၍ တောင်းပန်ချက်

တေးရေးဦးဝင်းလွင်[ဝင်းလွင်-အောင်တော်မူ(မန္တလေး)]၏ 'ချစ်အာရုံ'သီချင်းကို မိသားစုမှလုံးဝလက်ခံနိုင်ခြင်းမရှိသည့် Music အမျိုးအစား (Remix)ဖြင့် တီးခတ်၍ "ခေတ်သစ်မွေးဌာနီ" စီးရီးတွင် မိသားစု၏ တိုက်ရိုက်ခွင့်ပြုချက်မရှိဘဲ ကျွန်တော် တေးရေးဇော်မင်းမှ တီးခတ်စီစဉ်ထုတ်ဝေခဲ့ခြင်း အပေါ် တေးရေး ဦးဝင်းလွင် [ဝင်းလွင် -အောင်တော်မူ (မန္တလေး)]မိသားစုနှင့် အနုပညာအသိုင်းအဝိုင်းအားလုံးအား ကျေနပ်သည်အထိ တောင်းပန်အပ်ပါသည်။

ဂီတမှူး ဇော်မင်း
ZM Music Production.



အမည်ပြောင်း

ဦးတင်အောင်-ဒေါ်ဝါဝါတို့၏သား ILBC (Primary-2) i အခန်းမှ မောင်ဝသုန်စိုးစံအား မောင်ယွန်းထက်အိမ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ယွန်းထက်အိမ်။

အမည်ပြောင်း

အဖ ဦးလွင်ဦး၏သမီး၊ မရမ်းကုန်းမြို့နယ် အလက(၄) ဒုတိယတန်းတွင် ပညာသင်ကြားမည့် မမြတ်ချယ်ရီသင်းအား မမြတ်စပယ်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မမြတ်စပယ်လင်း။**

အမည်ပြောင်း

အဖ ဦးအောင်ထွန်းကျော်၏သမီး TTC၊ ကမာရွတ်၊ လှိုင် ပထမတန်း (I)မှ မယွန်းလဲ့လဲ့ကျော်အား မလဲ့ယမင်းသူဟု ပြောင်းလဲခေါ်ပါရန်။

မလဲ့ယမင်းသူ။

မီးသတိပြု ကာကွယ်မှု ပေါင်းစု ဆောင်ရွက်ကြ

မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ
(၁-၅-၂၀၁၀)

ကိုခင်ဇော်(ခ)ကိုဆံနီ (2nd Officer, Uniteam Co.)၏ မွေးနေ့မင်္ဂလာမှသည် မွေးနေ့ပေါင်းများစွာသို့တိုင် မိသားစုနှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ-

ချစ်ဇနီး-ဒေါ်လဲ့လဲ့ဝင်း (ကထိက၊ သင်္ချာဌာန၊ ငြိမ်း)
ချစ်သား-မင်းဇော်မင်း (Grade-7, MLA)
ချစ်သမီး-Susan ခင်ဇော် (Grade-2, MLA)
အမှတ် ၁၆၄၊ ၄၇လမ်း (မြေညီထပ်)၊ ဗိုလ်တထောင်မြို့နယ်။

အကြောင်းပြပေးရန်အကြောင်းကြားစာ
ရန်ကုန်တိုင်းတရားရုံး
၂၀၁၀ခုနှစ်၊ တရားမထွေထွေမှုအမှတ်-၈၅

ဒေါ်ခင်ဝင်းမော်	နှင့်	၁။ ဦးတိုးတိုးဝင်း
		၂။ ဦးခင်မောင်အေး
လျှောက်ထားသူ		**လျှောက်ထားခံရသူများ**

အထက်အမည်ပါ လျှောက်ထားခံရသူ (၂)ဦးခင်မောင်အေး၊ အမှတ် ၄၇၇၊ မဟော်သဓာလမ်း၊ ၁၆ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

အထက်ပါ အမည်ပါ လျှောက်ထားသူ ဒေါ်ခင်ဝင်းမော်က ဤရုံးသို့ တရားမကျင့်ထုံးဥပဒေပုဒ်မ-၂၁၊ နည်းဥပဒေ-၅၈(၁)အရ ဝရမ်းခွာပေးရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၀ခုနှစ်၊ မေ ၁၈ရက်(၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၆ရက်)နံနက် ၉:၃၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၀ခုနှစ် ဧပြီ ၂၉ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သိန်းကိုကို
တွဲဖက်တိုင်းတရားသူကြီး(၂)
ရန်ကုန်တိုင်းတရားရုံး။

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၆

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်အာစရိယပူဇော်ပွဲကို မေ၁ရက် နံနက်၉နာရီက အဆိုပါကောလိပ်ခန်းမတွင်ကျင်းပရာ အသက် (၆၀)ပြည့် အငြိမ်းစား ဆရာ ဆရာမကြီး ၁၁၇ဦးတို့ တက်ရောက် အပူဇော်ခံကြသည်။

ပူဇော်ကန်တော့

ပူဇော်ကန်တော့ပွဲသို့ ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၊ ဖိတ်ကြားထားသော ပညာရေးမိသားစုဝင်များ တက်ရောက်ကြပြီး အာစရိယ မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ရည်မှန်း၍ ကန်တော့ဂါရဝလက်ဆောင်များ၊ အလှူငွေများဖြင့် ပူဇော်ကန်တော့ကြသည်။

(အပေါ်ပုံ)
(မြန်မာ့အလင်း)

လသာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းကို ဧပြီ ၃၀ရက်က အမှတ်(၄) ရပ်ကွက်ရုံး၌ ကျင်းပရာ လသာမြို့နယ် ဦးစီးမှူး ဒေါ်မေသန္တာက စာပေဖတ်ရှုခြင်း၏ တန်ဖိုးကို ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒီးမော့ဆိုမြို့၌ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်

ဒီးမော့ဆို မေ ၅

ဒီးမော့ဆိုမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက်က ဒီးမော့ဆိုမြို့၌ ကျင်းပရာ ကယား ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်လက်ထောက်မန်နေဂျာ ဦးကျော်ကျော်လင်းက အော်တိုအိတ်ချိန်း စီမံကိန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးကိုရယ်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ် အတွင်းရေးမှူး ဦးဖေသိန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးမျိုးသန်းတို့က အော်တိုအိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**ထို့နောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က အော်တိုအိတ်ချိန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စမ်းသပ်ဆက်သွယ်

ထို့နောက် အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်ကြပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အော်တိုအိတ်ချိန်းသစ်ကို လှည့်လည်ကြည့်ရှုပြီး တယ်လီဖုန်းစမ်းသပ်ဆက်သွယ် ပြောဆိုကြသည်။ အဆိုပါ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်သည် ဒီးမော့ဆိုမြို့တွင် တယ်လီဖုန်းအလုံး ၅၀၀ တပ်ဆင်၍ ပြည်တွင်း ပြည်ပသို့ တိုက်ရိုက်ဆယ်သွယ် ပြောဆိုနိုင်ပြီဖြစ်သည်။**(မြို့နယ် ပြန်/ဆက်)**

လှိုင်းဘွဲ့မြို့နယ် ပတ်ကျောကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်

ကရင်ပြည်နယ်ဥက္ကဋ္ဌ ရုပ်သံစလောင်းနှင့် သုတရသ စာအုပ်မျိုးစုံလှူဒါန်း

လှိုင်းဘွဲ့ မေ ၂

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် ဧပြီ ၂၄ရက်က ပြည်နယ်အဆင့်ဌာနဆိုင်ရာများလိုက်ပါလျက် လှိုင်းဘွဲ့မြို့နယ် ပတ်ကျောကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပတ်ကျောကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်သက်မောင်၊ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရွှေငြိမ်းနှင့် ရပ်မိရပ်ဖ ဦးစောကျော်ဖော့ဝါတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း **(အောက်ယာပုံ)** က ကျေးရွာပြည်သူများ အပန်းပြေစေရေး၊ ဗဟုသုတ ရရှိစေရေးအတွက် DTH စလောင်းတစ်စုံနှင့် ငွေကျပ် ၇၈၆၇၀တန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံကိုလည်းကောင်း၊ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဇနီးဒေါ်ညွန့်ညွန့်ဝေမိသားစုက လှူဒါန်းသည့် စာကြည့်တိုက်အတွက် တစ်နှစ်စာ သတင်းစာတန်ဖိုး ငွေကျပ် ၃၀၀၀၀နှင့် ငွေကျပ် ၁၅၀၀၀တန်ဖိုးရှိ စာအုပ်မျိုးစုံကို ဒေါ်ညွန့်ညွန့်ဝေကလည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူသီက ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် ဂျာနယ်မျိုးစုံ အစောင် ၁၅၀ကို လည်းကောင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးညဏ်ထွန်းက သုတရသ စာအုပ်မျိုးစုံ ၆၀ကိုလည်းကောင်း၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာနက ငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိ သုတစာအုပ်မျိုးစုံနှင့် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံတို့ကိုလည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ်မှ ဌာနဆိုင်ရာများက လှူဒါန်းသည့် သုတရသ စာအုပ်မျိုးစုံ ၂၀၀နှင့် ဂျာနယ်မျိုးစုံကိုလည်းကောင်း၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲညွန့်က ငွေကျပ် ၃၀၀၀၀တန်ဖိုးရှိ စာအုပ်မျိုးစုံကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူ အသီးသီးက လက်ခံကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး လှိုင်းဘွဲ့မြို့နယ်မှ စေတနာရှင် ဦးလှဝင်းက အလှူငွေကျပ် ၂၀၀၀၀နှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်ထွေးက အလှူငွေကျပ် ၁၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် လင်းရောင်ခြည်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရွှေငြိမ်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တည်ဆောက်

အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်မှ မတည်ငွေနှင့် ပတ်ကျောကျေးရွာရှိ စေတနာရှင် ပြည်သူများမှ ထည့်ဝင်ငွေ စုစုပေါင်းငွေကျပ်သိန်း ၃၀ဖြင့် တည်ဆောက်သော အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၂ပေရှိ အုတ်ညှပ် အဆောက်အအုံဖြစ်သည်။ **(ပြည်နယ် ပြန်/ဆက်)**

(၇၇)ကြိမ်မြောက် အရန်မီးသတ် နှစ်ပတ်လည်နေ့ကျင်းပ

လက်ပံတန်း ဧပြီ ၂၅

ပဲခူးတိုင်း (အနောက်ပိုင်း) လက်ပံတန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့၏ (၇၇) ကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ဧပြီ ၂၅ရက် မွန်းလွဲ ၁နာရီက မီးသတ်ခန်းမဆောင်တွင် ကျင်းပရာ သဘာပတိ ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယ တပ်ရင်းမှူး ဦးမောင်မောင်နိုင်၊ ဒုတိယ တာဝန်ခံ ဦးမြဠမ်းတို့က မီးသတ်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြ၍ မီးသတ်ရဲမေ ဒေါ်ခင်စန်းဝင်းက နှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း၊ ဦးကြည်မောင်က ငွေစာရင်းအစီရင်ခံစာကိုလည်းကောင်း တင်ပြကြပြီး ဈေး ငွေစုငွေချေး၊ သမဝါယမအသင်းလီမိတက်တို့မှ အလှူငွေများ ပေးအပ်လှူဒါန်းရာ နာယက ဦးသိန်းဟန် (ဒုတိယ ဗိုလ်မှူးကြီး၊ ငြိမ်း)က လက်ခံယူသည်။

(၁၇၅)

ဆီဆိုင်မြို့၌ အသိပညာပေး ဟောပြောပွဲကျင်းပ

ဆီဆိုင် မေ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကျင်းပသည့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဧပြီ ၂၈ရက် နံနက် ၉နာရီက ဆီဆိုင်မြို့ ဟိုခဲရပ်ကွက်၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြက ဒေသခံတိုင်းရင်းသူများအနေဖြင့် သွေးထိုးလှုံ့ဆော်ဖြားယောင်းမှုများအပေါ် နားယောင်၍ လွဲမှားသော အတွေးအခေါ် အယူအဆများနှင့် သံသယစိတ်များမဖြစ်ပေါ်ရေးတို့ကို အကျယ်တဝင့် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

မိခင်မှကလေးသို့ HIV ကူးစက်မှု ကြိုတင်ကာကွယ်ရေး ခန္တီး၌ဟောပြော

ခန္တီး ဧပြီ ၂၂

ခန္တီးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မတ် ၃၁ရက် မွန်းလွဲ ၁နာရီက မိခင်မှကလေးသို့ HIV ကူးစက်မှု ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းက မိခင်မှကလေးသို့ HIV ကူးစက်မှု ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

ဖြန့်ဝေ

ထို့နောက်ကျန်းမာရေးဝန်ထမ်းများက တက်ရောက်လာကြသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များကို လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ***(ခရိုင် ပြန်/ဆက်)***

ကမ္ဘာ့တီရစ္ဆာန်ကျန်းမာရေးနေ့အထိမ်းအမှတ် ကာကွယ်ဆေးထိုးနှံ

ပြည် မေ ၂

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်း(အနောက်ပိုင်း) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာအောင်သန်းဝင်း၊ ခရိုင်ဦးစီးမှူး ဒေါက်တာချိုချိုခိုင်၊ မြို့နယ်ဦးစီးမှူးဒေါက်တာ တင်တင်မြင့်နှင့် ဝန်ထမ်းများသည် ဧပြီ ၂၄ရက် နံနက် ၉နာရီက ပြည်မြို့နယ် တီတွဒ်ကျေးရွာ နွားပွဲဈေးစုရပ်တွင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျွဲ၊ နွား ၂၆၅ကောင်အား ကျွဲ၊ နွား ဒေါင့်သန်းရောဂါကာကွယ်ဆေး ထိုးနှံပေးကြသည်။ **(အပေါ်ပုံ)** အလားတူ ပဲခူးတိုင်း (အနောက်ပိုင်း) အတွင်းရှိမြို့နယ်များ၌ ကျွဲ၊ နွား ကူးစက်ရောဂါ ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် ကြက်လည်လိမ်ရောဂါကာကွယ်ရေး မျက်စဉ်းဆေးများ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(တိုင်း ပြန်/ဆက်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပျော်ဘွယ် ဘလာဒတ်ရွာ၌ ပြည့်ဝစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပျော်ဘွယ် မေ ၁

ပျော်ဘွယ်မြို့နယ် ဓောင်ဂျမ်းတောင်ကျေးရွာအုပ်စု ဘလာဒတ်ကျေးရွာ ပြည့်ဝစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ အဆောက်အအုံသစ်ဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသန္တာအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ပြောကြားပြီး မြို့နယ်လက်ထောက်ပညာရေးမှူး ဦးစန်းလွင်က စာဖတ်ခြင်းကြောင့် ရရှိသည့်အကျိုးကျေးဇူးများကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်က သုတ ရသ စာအုပ်မျိုးစုံ ၁၀၀၊ အလှူရှင် ဦးတင့်လွင်မိသားစုက စာအုပ် ၁၅၀တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီ ဥက္ကဋ္ဌ ဦးသန်းနိုင်လင်းက လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပြည့်ဝစာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်၊ အလှူရှင် ဦးတင့်လွင်နှင့် ဓောင်ဂျမ်းတောင် ကျေးရွာအုပ်စုအဖွဲ့ဝင် ဦးမောင်မောင်တာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** အဆောက်အအုံမှာ အလျား ၁၈ပေ၊ အနံ ၁၅ ပေနှင့် အမြင့် ၁၂ ပေရှိကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး မဘိမ်းမြို့နယ် ပြန်/ဆက်ဦးစီးဌာန ဆောင်ရွက်

မဘိမ်း မေ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းသည် ဓာတ်ပုံကျွမ်းကျင်-၂ ဦးထိန်လင်းဦး လိုက်ပါလျက် ဧပြီ ၂ရက် နံနက် ၁၀နာရီက ဘဟဲကျေးရွာ အလင်းရောင် စာကြည့်တိုက်၌ စာကြည့်တိုက် ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက်လုပ်ငန်းများ စစ်ဆေးသည်။

လေ့လာကြည့်ရှု

ထို့နောက် အလင်းရောင် စာကြည့်တိုက်ကို စံ(၅)ချက်နှင့်ပြည့်စုံရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ အလှူရှင်များတိုးပွားရေး၊ စာငှားကတ်စနစ် ချမှတ်ဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားကာ စာကြည့်တိုက်ပြင်ဆင်ထားရှိမှုကို လေ့လာကြည့်ရှုကြသည်။

ဆွေးနွေး

ဆက်လက်၍ အလင်းရောင်စာကြည့်တိုက် မြေနေရာကို မြေစာရင်းပုံစံများ၊ စာကြည့်တိုက်ပိုင်မြေများ ဖြစ်ပေါ်လာရေးအတွက် ကွင်းဆင်းစည်းရုံးဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ချုံနွယ်များရှင်းလင်း

ညောင်တုန်းမြို့ သန့်ရှင်းသာယာလှပရေးနှင့် မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် လမ်းဘေးဝဲယာတစ်လျှောက် ချုံနွယ်များရှင်းလင်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းများ တူးဖော်ခြင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၅၂)

မျိုးဆက်ပွား ကျန်းမာရေးစီမံချက် အသိပေးရှင်းလင်းပွဲ ကျောင်းကုန်း၌ကျင်းပ

ကျောင်းကုန်း မေ ၄

မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ပြည်သူလူထုအခြေပြု မျိုးဆက်ပွား ကျန်းမာရေးစီမံချက် အသိပေးရှင်းလင်းပွဲ အခမ်းအနားကို မေ ၂ရက် နံနက် ၉နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံရှိ ဒေါ်သန်းတင်အဆောင်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးမှူးဦးဇော်မြင့်ထွေးက အမှာစကားပြောကြားသည်။

အသိပေး

ဆက်လက်၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာရဲဝင်းက ကျောင်းကုန်းမြို့နယ်တွင် ဆောင်ရွက်သွားမည့် ပြည်သူလူထုအခြေပြု မျိုးဆက်ပွား ကျန်းမာရေးစီမံချက်နှင့်ပတ်သက်၍ အသိပေး ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ဒေါက်တာမို့မို့ဝင်းက မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ (၁၅၄)

မိုး သတိပြု



လုံးချင်းတိုက်ခန်း

ရောင်း၊ ဝယ်၊ ငှားလိုက

မြန်မာ့ရောင်ခြည်

နှင့် ဆက်သွယ်ပါ။

ဖုန်း-၂၁၁၂၆၉၊ ၇၂၁၉၇၅။

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် ဘအ/၈၇၇၉ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးစောအကောက် ၃/ဘအန(နိုင်)၁၉၇၁၅၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊(ပြည်နယ်ရုံး)၊ဘားအံမြို့။

အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်

ကြေညာခြင်း

ကျွန်မ မကြူကြူအောင် ၁၂/ကမရ(နိုင်)၀၄၁၂၆၈နှင့် ကိုမျိုးတင့် ၆/ထဝန(နိုင်)၀၀၀၁၅၃ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ရန်ကုန်တိုင်းတရားရုံး၌ ၄-၅-၂၀၁၀ရက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

မကြူကြူအောင်

၁၂/ကမရ(နိုင်)၀၄၁၂၆၈။

ဇနီး၊ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၂လမ်း×၄၁လမ်းထောင့်၊ အကွက်အမှတ် ၅၁၅နေ ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်မြအောင် ၁/မညန(နိုင်)၀၃၄၁၂၁နှင့် သမီးဖြစ်သူ မဝင်းဝင်းခိုင် ၁/မညန(နိုင်)၀၃၄၁၂၂ တို့သည် ကျွန်တော်၏ ဆုံးမစကားကိုနားမထောင်ဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ ဇနီး၊ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဦးတင်ထွန်း MNN-၀၂၁၇၂၂

အမှတ် ၂၇၊ ၆၃×၆၄လမ်းကြား

မန္တလေးမြို့။

အမည်ပြောင်း

နေပြည်တော်လယ်ဝေး၊ စည်ပိုင်းကျေးရွာနေ ဦးဝင်းကျော်၏သား မောင်စိုးသီဟ ၉/လဝန (နိုင်) ၁၉၂၆၃၅ အား ယနေ့မှစ၍ မောင်ကျော်ဖုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ဖုန်းမြတ်။**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့

နွေရာသီ ပဋ္ဌိစ္စသမုပ္ပါဒ် အခြေခံသော ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု အထူးသင်တန်း (အင်္ဂလိပ်-မြန်မာနှစ်ဘာသာ)ဖြင့် ၉-၅-၂၀၁၀ရက်မှ ၁၈-၅-၂၀၁၀ရက်အထိ (နေ့စဉ်နံနက် ၈ နာရီမှ ၁၀း၃၀နာရီအတွင်း)၁၀ရက်ဆက်တိုက် သင်တန်းပို့ချမည်။ သတ္တမတန်း၊ အထက်တန်းနှင့် တက္ကသိုလ်အသီးသီးမှ ကျောင်းသားကျောင်းသူများ ဖုန်း-၅၄၁၈၆၀၊ ၅၄၆၄၆၆၊ ၇၂၅၁၃၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့။

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ဆိုင်ကယ်ယာဉ်အမှတ် မမ/၂၃၇၀ဟွန်ဒါဝေ့(ဗ်)၁၂၅ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသက် ၆/ထဝန(နိုင်)၀၆၁၀၇၈က ဆိုင်ကယ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံးသွား၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ကော့သောင်း။

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ဆိုင်ကယ်ယာဉ်အမှတ် မမ/၂၇၅၈၆ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကြီး ၆/ကသန(နိုင်)၀၃၇၈၈၀က ဆိုင်ကယ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံးသွား၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ကော့သောင်း။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၆

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသောပါတီ၏အမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) က ၂၀၁၀ခုနှစ် မေ ၆ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့များအနက် အောက်ပါအဖွဲ့များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် မေ ၆ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်သည် -

(၁) ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP)
(၂) ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ
(၃) ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ
Rakhine Nationalities Development Party (RNDP)

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ (၃၁)ဖွဲ့အနက် (၂၇)ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

လှေလှော်သူတစ်ဦး၏ "သတင်းစကား၊ အကင်းပါးသောနား မမှိတ်သောမျက်စိ... မလပ်သောသတိများဖြင့်" ဆောင်းပါးကို စာ-၈၊ ၉ တွင် ဖတ်ရှုနိုင်ပါသည်။

ထူးခြားသည့် နေ့အပူချိန်များ

၆-၅-၂၀၁၀

ချောက်မြို့	၄၃ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၃ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
ရမည်းသင်းမြို့	၄၃ ဒီဂရီစင်တီဂရိတ်

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။